ယန်းဟုတ်ကျေးရွာ
ကျိုင်းတုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## (၂၀၁၅ - ၂၀၂၀)



**ပြုစုရေးဆွဲသူ**

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ယန်းဟုတ်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်
(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

CS CamScanner
CS CamScanner

# မာတိကာ


မာတိကာ ၁

စကားချီး ၅

ယန်းဟုတ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုင်းတုံမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇




CamScanner

CamScanner

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၄
(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁)လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာနေအဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း



CamScanner

CamScanner

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေရရှိမှု
ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၉

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ



CamScanner
CamScanner

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၁
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၆၅

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၆၆
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ



CamScanner
CamScanner

စကားဦး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ယန်းဟုတ်ကျေးရွာ၏ ကျေးရွာသူကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ စီမံချက်ဖြစ် မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက် သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အပြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်၊ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်၊ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤ လုပ်ငန်းစဉ်များဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာအစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။



CamScanner
CamScanner

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

(၅-၆ စက်တင်ဘာ) ၂၀၁၅ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ယန်းဟုတ်ကျေးရွာ
ကျိုင်းတုံမြို့နယ်



CamScanner
CamScanner

## ယန်းဟုတ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုင်းတုံမြို့နယ်



ရည်ညွှန်း- (ယန်းဟုတ်ကျေးရွာ) ကတ်တောင်ကျေးရွာအုပ်စု၊ ကျိုင်းတုံမြို့နယ်တွင် ပြုလုပ် သော ကျေးရွာဖွံ့ဖြိုး ရေးစီမံချက် ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ် ခြင်း မှ ရယူသည်။ (၅-၆ စက်တင်ဘာ ၂၀၁၅)



CamScanner
CamScanner

# အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာ များ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ ရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေး ဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။



CamScanner

CamScanner

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော် တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေ ကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ် မှုများပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံ ကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အ ထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်း အနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအ စဉ်မျိုး ဖြစ်ပါသည်။



CamScanner
CamScanner

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ရှမ်းပြည်နယ်သည် မြောက်ဘက်နှင့်အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် တရုတ်ပြည်နယ်၊ အရှေ့ ဘက်တွင် လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး နှင့် တောင်ဘက်တွင်ကယားပြည်နယ်တို့ဖြင့် နယ်နိမိတ်ခြင်းထိစပ်နေပါသည်။ ယန်းဟုတ်ကျေးရွာသည် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်အတွင်း တည်ရှိသောကတ်တောင်အုပ်စု အတွင်းမှ ဂုံရှမ်းလူမျိုးများအများစု နေထိုင်သောတောင်ပေါ်ရွာဖြစ်ပါသည်။ ကတ်တောင်ရွာကြီးနှင့် ကျိုင်းတုံ-မိုင်းခတ်ကားလမ်း သာခြားပြီးတည်ရှိသော ရွာဖြစ်ပါသည်။

ရွာ၏အရှေ့ဘက်တွင် ကျိုင်းတုံ-မိုင်းခတ်ကားလမ်းနှင့် ကတ်တောင်ရွာ၊ တောင်ဘက်တွင် ယန်းလောနှင့်နောင်ရန့်ရွာ၊ အနောက်နှင့်အနောက်မြောက်ဘက်တွင် ကတ်ထိုက်အုပ်စုနှင့်ဂမ်ကောင်းအုပ်စုရွာများ မြောက်ဘက်တွင် လယ်ကွင်းများတည်ရှိပါသည်။ ကျိုင်းတုံမှ ၇မိုင်ဝေးပြီး ကတ်တောင်-ဂမ်ကူသစ်ရွာလမ်းနှင့် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းကာလမ်းဆုံရာအနောက်ဘက် တွင်ကပ်လျှက်တည်ရှိပါသည်။

ကျိုင်းတုံသည် သံလွင်မြစ်အရှေ့ဘက်ကို လွန်ပြီး မြန်မာနိုင်ငံ၏အရှေ့ဘက်အကျဆုံးသော မြို့ဖြစ်ကာ ပေ ၃၀၀၀ မှ ၅၀၀၀ ထိမြင့်မားသော တောင်ကုန်းများနှင့် ယင်းတောင်ကုန်းများအကြား ချိုင့်ဝှမ်းလွင်ပြင်များအကြား မဲခေါင်မြစ်ဝှမ်းသို့ စီးဝင်သော တောင်ကျချောင်းများအကြားတွင်တည်ရှိနေသော မြို့ဖြစ်ပါသည်။

ကျိုင်းတုံမြို့နယ်သည် ယေဘုယျအားဖြင့် တစ်နှစ်လျှင် မိုးရေချိန်လက္မ ၅၀ မှ ၆၀ ကြားရရှိပြီး အပူချိန်မှာ နွေရာသီတွင် ၃၈ ဒီဂရီ C ( ၁၀၀ ဒီဂရီ F) ဆောင်းရာသီတွင် ၂၁ဒီဂရီ C (၇၀ ဒီဂရီF) ထိရှိပြီးအချို့နှစ်များတွင် ၄ဒီဂရီC (၄၀ဒီဂရီF) ထိ အေးမြလေ့ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ရွာ၏အနောက်မြောက်ဘက် ၂မိုင်ခန့်ဝေးသော နမ့်ခေချောင်းတွင် သဲနှင့်လမ်းခင်းကျောက်များရရှိနိုင်ပါသည်။ သို့သော် ယခုအခါ မိုးရာသီတွင်ပင် ကျောက်ရရှိနိုင်မှု နည်းလာကြောင်းတွေ့ရှိရပါသည်။ ရွာအရှေ့မြောက်ဘက်တွင် သစ်တောများရှိပါသည်။ သို့သော်သစ်ပင်ကြီးများရှားပါးသွားခဲ့ပြီး ချေးတောဝက် စသည့်တောကောင်ငယ်များ ရရှိနိုင်သေးပြီး တောကောင်ကြီးများမှာမူ မရရှိနိုင်တော့ပါချေ။ ၂၀၁၀ ခုနှစ်တွင် အစိုးရက သစ်တောကြိုးဝိုင်းအဖြစ်သတ်မှတ်ပြီး သစ်တောသစ်ပင်ထိန်းသိမ်းရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသောအခါ ကျေးရွာသည် သစ်တောကြိုးဝိုင်းတွင်းရွာအဖြစ်သတ်မှတ်ခံခဲ့ရပါသည်။



CamScanner
CamScanner

## ၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ယန်းဟုတ်ရွာသည် ကတောင်ကျေးရွာအုပ်စုတွင်းရှိ ကျေးရွာတစ်ရွာဖြစ်ပြီး ကျိုင်းတုံမှ တောင်ဘက် ၇မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ လူဦးရေစုစုပေါင်း ၄၆၉ ဦးနှင့်အိမ် ထောင်စုပေါင်း ၇၅ စုရှိသောကြောင့် တစ်အိမ်ထောင်လျှင် ၆.၂၅ ဦးနှုန်းနေထိုင်ပါသည်။ စုစုပေါင်းတွင် အမျိုးသားဦးရေက ၃ ဦးသာပိုပြီး အလုပ်လုပ်နိုင်သောအသက်အရွယ်တွင်မူ အမျိုးသမီး ဦးရေက ၁၇ ဦး ထိပိုမိုနေပါသည်။ ၉နှစ်မှ၁၄နှစ်အသက်အပိုင်းအခြားတွင် ကျားက ၁၄ ဦးပိုကာ ၅နှစ်မှ ၉နှစ်တွင် ကျား က ၄ဦး၊ ၁နှစ်မှ၅နှစ်တွင် ကျား ၂ ဦးအသီးသီးပိုမိုပါသည်။ အသက် ၆ဝနှစ်နှင့်အထက်တွင်လည်း ကျား ၁ ဦးပိုပါသည်။ သို့သော် စုစုပေါင်းတွင် ကျား၊ မကွာခြားမှုများစွာမရှိပါချေ။

### (ခ) စီးပွားရေးအခြေအနေ-(ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု)

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ ယန်းဟုတ်ကျေးရွာတွင် က အဆင့် ၁ဝစု၊ ခ အဆင့် ၂၅ စု၊ ဂ အဆင့် ၂ဝ စု နှင့် ဃ အဆင့် ၂ဝ စု ရှိပါသည်။ မြေယာမဲ့များအဖြစ်ဖော်ထုတ်သည်မှာ ၄၆ အိမ်ဖြစ်ပြီး ယင်းတွင် မြေယာ မပိုင်သော်လည်း သံပန်းသံတံခါးလုပ်ခြင်း၊ ဆန်စက်၊ ခေါက်ဆွဲဆိုင် စသည်တို့လည်းပါဝင်နေပါသည်။ ကတ်တောင်ရွာ ကတ်တောင်ဈေးကြီးဖြင့် ကပ်လျက်ရှိသော ရွာဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းတချို့ ရရှိနိုင်ပါသည်။ က အဆင့်များသည် ၄ဧကမှ၅ဧကထိ ပိုင်ဆိုင်ပြီး၊ ခ အဆင့် မှာ၂ဧကမှ၃ဧကထိ နှင့် ဂအဆင့်မှာ ၁ဧကမှ၂ဧကထိပိုင်ဆိုင်ကြပါသည်။ ၁၂.၅ဧကအထက်ပိုင်ဆိုင်သူ တစ်ဦးမျှမရှိချေ။ ၅ဧကမှ၁၂.၅ဧကကြားပိုင်ဆိုင်သူ နှစ်ဦး။ ၂.၅ဧကမှ ၅ဧကအကြားပိုင်ဆိုင်သူမှာ ၁ဝ ဦးဖြစ်ကာ ၂.၅ဧကအောက်ပိုင်ဆိုင်သူ ၄၆ ဦးထိရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် ဆင်းရဲသားတောင် သူမှာ အများစုဖြစ်ပါသည်။ တစ်နှစ်ဝင်ငွေမှာ က အဆင့်မိသားစုများသည် ၂ဝသိန်း၊ ခ အဆင့် သည် ၁၅သိန်း၊ ဂအဆင့်သည် ၅သိန်းနှင့်ဝမ်းစာစပါး၊ ဃ အဆင့်၏ဝင်ငွေမှာ ၇သိန်းဖြစ်ပါသည်။ ထို့ကြောင့် က အဆင့်နှင့် ဃ အဆင့် ဝင်ငွေသည် ၃ဆနီးပါးကွာဟမှုရှိနေပါသည်။ အိမ်အခြေအနေတွင်မူ က အဆင့်သည် နှစ်ထပ်တိုက်များဖြစ်ကာ အုတ်ကြွပ်မိုး၊ အုတ် ကာ၊တမံသလင်းခင်း ကြွေပြားကပ်ဖြစ်ပြီး ခ အဆင့်မှာ ၁ထပ်တိုက် အုတ်ကြွပ်မိုး၊ တမံသလင်းခင်း ဖြစ်ကာ ဂ အဆင့်သည် ပျဉ်ကာ၊ပျဉ်ခင်း၊သွပ်မိုး နှင့် ဃ အဆင့်မှာမူ ထရံကာ၊သွပ် သို့မဟုတ် သက်ကယ်မိုး၊ ဝါးခင်းအိမ်များဖြစ်ရာ ကွာခြားမှုများသောအနေအထားဖြစ်ပါသည်။ လုပ်ဖက်ကိရိယာပိုင်ဆိုင်မှုတွင်လည်း ကအဆင့်သည် ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ် စသည့်မှစကာ လယ်တွန်းထွန်စက်၊ ဆန်ကြိတ်စက်၊ စပါးရိတ်စက်ထိ ပြည့်စုံပြီး ဂ အဆင့်တွင်မူ လူ၏လုပ်အား၊ ဓါး၊ ပေါက်ပြားတို့သာရှိတော့ပါသည်။ ဒိမ်ခံ ပစ္စည်းအနေဖြင့် တီဗီကိုအဆင့်တိုင်းတွင် ဖော်ပြသော်လည်း အဆင့်ဃမှာ ခေါက်တီဗီကိုသာပိုင်ဆိုင်ခြင်း ဖြစ်ပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ယန်းဟုတ်ရွာသည် ဆင်းရဲနွမ်းပါးမိသားစုအဖြစ် အဓိကထား ဖော်ထုတ်သူများမှာ ဃ အဆင့် မိသားစုများဖြစ်ကာ ၂ဝ စုဖြစ်ပါသည်။ ယင်း၂ဝ စုသည် မြေ ယာပိုင်ဆိုင်မှုလုံးဝ မရှိသူများလည်း ဖြစ်ကြပါသည်။ ဝမ်းစာဖူလုံမှုတွင် ၃လအောက်ထိ သာဖြေရှင်းနိုင်သူ အိမ်ထောင်စုမှာ ၁၄ အိမ်ဖြစ်ရာကျေးရွာ၏ လေးပုံတစ်ပုံနီး ပါးမျှဖြစ်နေပါသည်။ ၃လမှ၅ လအထိဖြေရှင်းနိုင်သူမှာ ၈ စုသာဖြစ်ကာ ၁၂လအထိ ဝမ်းစာဖူလုံသူမိသားစုမှာ ၅၃ စုနှင့်၇ဝ%ကျော် သဖြင့် စားနပ်ရိက္ခာ



CamScanner
CamScanner

အခက်အခဲကို အနည်းငယ်ဖြေရှင်းနိုင်သော အနေအထားတွင်ရှိသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ကျေးရွာတွင် ၁၉၉၀ ခုနှစ်က တရွာလုံးလယ်စပါးပိုးကျခြင်းကြုံခဲ့ရဖူးပြီး သစ်ဥသစ်ဖုသာ စားခဲ့ရဖူးပါသည်။ ရေကြီးခြင်းကို ၂၀၀၃ခုနှစ်တွင်ကြုံတွေ့ရကာ အစိုးရက တစ်အိမ်လျှင် ၃သောင်း ထောက်ပံ့ပေးခဲ့ရပါသည်။ မိုးဦးနှောက်ကျခြင်းနှင့်စိုက်ပျိုးရေနည်းလာခြင်းကို တစ်နှစ်ထက်တစ်နှစ် ကြုံတွေ့ရမှုများလာနေပြီး ၂၀၁၂ ခုနှစ်တွင် မိုးသီးကျခြင်းကြောင့် အိမ်တိုင်းခေါင်မိုးပေါက်ခြင်းကိုလည်း ကြုံတွေ့ရဘူးပါသည်။ ထို့ကြောင့် ယန်းဟုတ်သည် ရွာအနေဖြင့် သဘာဝဘေးကြုံတွေ့ရမှုများရှိပြီး ကျေးရွာ သဘာဝဘေးကာကွယ်ရေးစနစ်ကျသည့် အစီအမံများမရှိသေးပါချေ။

ကျေးရွာသည် ဂုံရှမ်းဘာသာစကား (အရေး၊အပြော)ကိုသာ အဓိကထားသုံးစွဲသောကြောင့် အစိုးရရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ ပညာရေးတွင် ကလေးများ သင်ကြားရေးတွင် သော်လည်းကောင်း အခက်အခဲများကြုံတွေ့ရပါသည်။

ရွှေ့ပြောင်းလုပ်သားအဖြစ် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်မှုများပြီး အခြေအနေမှန်ကို တိတိကျကျသိရှိမှုနည်းပါးပါသည်။ မူးယစ်ဆေးစွဲသူများရှိပြီး အရေးယူမှုများကြောင့် ရောင်းဝယ်မှုများလျော့ကျသွား သည်ဆိုသော်လည်း မူးယစ်ဆေးစွဲသူတို့အခြေအနကို ပွင့်ပွင့်လင်းလင်းမဆွေးနွေးနိုင်ခြင်း၊ ဘာသာစကားအခက်အခဲကြောင့် ပြင်ပအသိုင်းအဝန်းတွင် လိုအပ်သောဝန်ဆောင်မှုများ ရရန်ခက်ခဲခြင်းများရှိနိုင်ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ယန်းဟုတ်ကျေးရွာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးစီးမှုနှုန်းထား (၉နှစ်အထက်လူဦးရေပေါင်း)မှာ ၅၀.၂၂ % ဖြစ်ကာ လက်ရှိ ကောက်ခံရရှိသော စာရင်းအင်းများအရသာဖြစ်ပါသည်။ စာမတတ်သူဦးရေစုစုပေါင်းမှာ ၂၂၁ ဦးသရှိ ကာအများစုမှာ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများဖြစ်ပါသည်။ ရွာချင်းကပ်လျက် ကတ်တောင်အထက်တန်းကျောင်းတွင်ထားကြပါသည်။ ကလေးများသည် အများအားဖြင့် မူလတန်းကိုသာ ပြီးအောင်နေ လေ့ရှိပါသည်။ ဘွဲ့ရအနေဖြင့်တွေ့ရှိရသူမှာ ကျား ၁ဦးသာဖြစ်ပါသည်။ ကျေးရွာသည် ဂုံရှမ်းစကားနှင့်စာကိုသာ အဓိကသင်ကြားပြီး အထက်တန်းကျောင်းတွင် မြန်မာစကားဖြင့် သင်ကြားရခြင်းက ကလေးများစာလိုက်နိုင်ရန်အခက်အခဲဖြစ်စေသည်ဟုဆိုပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးမွေးမြူရေးသာ အဓိကလုပ်ငန်းဖြစ်ကာ ဆန်စက်နှင့် စပါးအရောင်းအဝယ်တွဲဖက်လုပ်သူများ ၆၊ သံပန်းသံတံခါးလုပ်ငန်း ၂ ၊ ပန်းရံလက်သမား ၉၊ ရှမ်းခေါက်ဆွဲဆိုင် ၁ဦး၊ကားကြီးပြင် ၁၊ ဝပ်ရှော့အသေး ၁ဦးတို့ရှိကြပါသည်။ ကတ်တောင်ရွာ ဈေးကြီးဖြင့်ကပ်လျက်ဖြစ်သောကြောင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများသော်လည်း အဓိကကျွမ်းကျင်မှုမှာ သံပန်းသံတခါးနှင့် ပန်းရံလက်သမားလုပ်ငန်းများဖြစ်ကြပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ယန်းဟုတ်ကျေးရွာ၏ ဂုံရှမ်းဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာရေး အားကောင်းသည့်အလျောက် ဂေါပကအဖွဲ့နှင့်ဓမ္မစကြာအဖွဲ့များဖွဲ့ထားပြီး တက်ကြွစွာလုပ်ဆောင်လေ့ရှိ ပါသည်။ လူငယ်အမျိုးသား၊ အမျိုးသမီးအဖွဲ့များရှိကာ မိမိတို့ကဏ္ဍအလိုက်တာဝန်ယူကြပါသည်။ သာမန်အားဖြင့် ကျား၊ မဆက်နွယ်မှုမှာ ကဏ္ဍအလိုက်သာ လုပ်ဆောင်ကြသည်ဟုဆိုနိုင်ပြီး အုပ်ချုပ်ရေးနှင့်အရေးကြီးဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်နိုင်မှုနည်းပါးသည်။



CS CamScanner
CS CamScanner

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ယန်းဟုတ်ရွာ၏ စီမံအုပ်ချုပ်မှုတွင် အုပ်ချုပ်ရေးအဖွဲ့က အဓိက တာဝန်ယူလုပ်ဆောင်နေပြီးမြို့နယ်ဌာနများဖြင့် ချိတ်ဆက်ပါသည်။ ကျိုင်းတုံမြို့ရှိ ဂုံရှမ်းဘုန်းကြီးကျောင်းဖြင့် အားကောင်းခိုင်မာစွာချိတ်ဆက်ထားပြီး အရေးပေါ် (ဥပမာ- ၂၀၁၂ခုနှစ်မိုးသီးကြွေ၍ခေါင်မိုး ပေါက်ချိန်တွင် ဘုန်းကြီးများက ဝိုင်းဝန်းထောက်ပံ့ခဲ့) ကူညီမှုများပေးဖူးပါသည်။ အစိုးရကဖွဲ့ပေးထား သော အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစသည့်အဖွဲ့များရှိပြီး အစည်းအဝေးတက်၊ အခမ်းအနားတွင် လူကြီးလာလျှင်ညှိခံခြင်းများလုပ်ဆောင်ရပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ယန်းဟုတ်ရွာတွင် လယ်မြေ ၂၀၀ဧက နှင့် ယာမြေ ၁၂ ဧက သာရှိပါသည်။ အိမ်ခြေ၇၅အိမ်သာရှိပြီး လယ်ယာပိုင်ဆိုင်သူအိမ်နှုန်းထားမှာ ၄.၄၂ ဧကရှိပါသည်။ လယ်မြေအားလုံးနီပါး၏ထွက်နှုန်းမှာအသင့်အတင့်ကောင်းမွန်မှုရှိပါသည်။ နွေစပါး၊မိုးစပါး နှစ်မျိုးလုံး စိုက်ပျိုးပြီး တစ်ဧကပျှမ်းမျှထွက်နှုန်းမှာ ၁၈၀၀ ကီလိုရှိပါသည်။ သွင်းအားစုလိုအပ်ချက်မြင့်ပြီ အမြတ်ရနိုင်မှု အလယ်အလတ်အဆင့်ဖြစ်ပါသည်။ လယ်မြေအများစုဖြစ်ပြီး ပုံစံ(၇)ရပြီးသည်က များသောကြောင့် စိုက်ဘဏ်မှငွေချေးယူနိုင်ပါသည်။ လိုအပ်သောသွင်းအားစုများကို ကတ်တောင်ရွာဈေးနှင့်ကျိုင်းတုံမှ ဝယ်ယူနိုင်ကြပြီး ကတ်တောင်ရွာတွင် မိမိတို့စိုက်ပျိုးသော သီးနှံများကို တိုက်ရိုက်ရောင်းချသကဲ့သို့ စပါးပွဲစားကရွာတွင်းသို့ လာရောက်ဝယ်သည်လည်းရှိပါသည်။

မွေးမြူရေးကဏ္ဍသည် နွား ၂၈ကောင်ကို အိမ်ထောင်စု ၁၇စု၊ ကျွဲ ၄ ကောင်ကို အိမ်ထောင်စု ၃ အိမ်က မွေး မြူပြီး ကြက်နှင့်ဝက်ကိုမူအိမ်တိုင်းနီးပါးမွေးမြူကြပါသည်။ ငါးကန် ၁ကန်ရှိပြီးစီးပွားဖြစ်မွေးမြူခြင်းမဟုတ်ချေ။ လွတ်ကျောင်းရန်စားကျက်မြေမကျန်တော့ခြင်း၊ မူလကပင် သစ်တောနည်းပါးပြီး ရွာချင်းသာဆက်နေသည့် နေရာဖြစ်ခြင်းတို့ကြောင့်မွေးမြူမှု နည်းရခြင်းဖြစ်ပါသည်။ သို့သော် တစ်နိုင်မွေးမြူသော ကြက်၊ ဝက်စသည်တို့ကို ကတ်တောင်တွင်သော်လည်းကောင်း ကျိုင်းတုံတွင်သော်လည်းကောင်း ရောင်းချနိုင်ပြီးဈေးကောင်းသည်ဟု ယေဘုယျဆိုနိုင်ပါသည်။ တစ်နိုင်မွေးမြူမှုသာများပြီးသက် ဆိုင်ရာဌာနဖြင့် ချိတ်ဆက်မှုနည်းပါးပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကတ်တောင်ရွာဈေးနှင့် ကပ်လျှက်ရှိကာ စည်ကားသောဈေးဖြစ်ခြင်းကြောင့် ရောင်းဝယ်မှုကောင်းသော အနေအထားတွင်ရှိပါသည်။ အထူးသဖြင့် သံပန်းသံတံခါးနှင့် ပန်းရံလက်သမားလုပ်ငန်းတို့မှာ လုပ်ငန်းကောင်းသည်ဟုဆိုနိုင်ပါသည်။ ကားကြီးပြင်၊ ဝပ်ရှော့နှင့် ဆန်ကြိတ်စက်များ



CamScanner
CamScanner

စသည်တို့အတွက် လျှပ်စစ်မီးရရှိခြင်းကလည်း အခွင့်အလမ်းပိုစေပါ သည်။ ကတ်တောင်ဈေးတွင် တစ်ရွာလုံး သီးညှပ်စိုက်ပျိုးသော ဟင်းသီးဟင်းရွက် ကိုရောင်းချနိုင်ပြီး ရှမ်းခေါက်ဆွဲစသည်ကို လည်းရောင်းချကြပါသည်။ ကျွပမ်းလုပ်သား၉ ဦးနှင့် စစ်သား အငြိမ်းစား ၁ ဦးသာရှိကာ ယိုးဒယား သို့ သွားရောက်လုပ်ကိုင်နေသူဦးရေများသည်ဟု ဆိုသော်လည်း စာရင်းအတိအကျမသိကြချေ။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် ကျေးရွာတွင် ၁၉၉၀ခုနှစ်က တရွာလုံးလယ်စပါး ပိုးကျခြင်းကြုံခဲ့ရဖူးပြီး သစ်ဥသစ်ဖုသာ စားခဲ့ရဖူးပါသည်။ ရေကြီးခြင်းကို ၂၀၀၃ခုနှစ်တွင် ကြုံတွေ့ရကာ အစိုးရက တစ်အိမ်လျှင် ၃သောင်း ထောက်ပံ့ပေးခဲ့ရပါသည်။ မိုးဦးနောက်ကျခြင်းနှင့် စိုက်ပျိုးရေနည်းလာခြင်းကို တစ်နှစ်ထက်တစ်နှစ် ကြုံတွေ့ရမှုများလာနေပြီး ၂၀၁၂ခုနှစ်တွင် မိုးသီးကျခြင်းကြောင့် အိမ်တိုင်းခေါင်မိုးပေါက်ခြင်းကိုလည်းကြုံ တွေ့ရဘူးပါသည်။ ထို့ကြောင့် ယန်းဟုတ်သည် ရွာအနေဖြင့် သဘာဝဘေး ကြုံတွေ့ရမှုများရှိပြီး ကျေးရွာသဘာဝ ဘေးကာကွယ်ရေးစနစ်ကျသည့် အစီအမံများ မရှိသေးပါချေ။

လွန်ခဲ့သောနှစ်၄၀က ဓါးပြအတိုက်ခံခဲ့ရပြီး လူ၅ဦးအသတ်ခံခဲ့ရဖူးပါသည်။ ယန်းဟုတ်သည် ချောင်းအောက်တွင်ရှိပြီး ချောင်းအထက်အောင်ရွာများအတွင်း စိုက်ပျိုးရေသွင်းမှုနောက်ကျသည့် အခက်အခဲရှိပြီး ရွာအချင်းချင်းကြားတင်းမာမှုရှိနေပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေများယူရန် တွန့်ဆုတ်လေ့ရှိပြီး အစိုးရချေးငွေကိုလည်းရယူရန် စိတ်ဝင်စားမှု နည်းပါသည်။ ယိုးဒယားသွားသူများက ပြန်ပို့သောငွေဖြင့် လုံလောက် အောင်စားကြသည်ဟုလည်း ဆိုပါသည်။ ကတ်တောင်ရွာကြီးတွင် ငွေတိုးချေးပေးသူရှိပြီး ရွှေ၊ ငွေ၊ ပစ္စည်း အပေါင်ထားရပြီး သီကျွမ်း မှသာ ချေးပေးလေ့ရှိသည်ဟုဆိုပါသည်။ အနည်းဆုံး ၆ လရှိပြီး အတိုး ၃၊ ၄ ကျပ် ထိ ပေးရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကတ်တောင်အုပ်စု၊ ကတ်တောင် အထက်တန်းကျောင်းတွင် တက်ရောက်ကြပါသည်။ ကျောင်းမှာ ရွာလမ်းမဘေးတွင်သာရှိပြီး ရွာမှ ခြေ လျင်ပင် သွားရောက်နိုင်ပါသည်။ ၂ထပ်ဆောင်ကြီး ၂ ဆောင်ရှိပြီး ၁၂၀×၃၀×၂၁ နှင့် ၁၄၀×၃၀×၂၁ အ တိုင်းအတာများရှိကာ တမံသလင်းခင်း၊ အုတ်ကာ၊ သွပ်မိုးဆောင်များဖြစ်ပါသည်။ ကျောင်းဝင်းကျယ်ပြီး အားကစားဝင်းပါရှိပါသည်။ ကျောင်းကော်မတီတွင် ယန်းဟုတ်မှ အစိတ်အပိုင်းအဖြစ်ပါဝင်ပြီး အစည်းအဝေးရှိပါကတက်ရောက်ရခြင်း၊ ရွာကျောင်းသားကိစ္စနှင့် ပါတ်သတ်လာလျှင် တာဝန်ယူအကြောင်း ကြားပေးရခြင်းကို လုပ်ဆောင်ကြရပါသည်။ ဆရာ ၂ ဦး၊ ဆရာမ ၁၆ဦး စုစုပေါင်း ၁၈ဦးရှိပါသည်။ ဆရာ-ကျောင်းသားအချိုး မှာ ၁:၃၀ ရှိပါသည်။ ကျေးရွာသည် ဂုံရှမ်းဘာသာစကားကိုသာ ရွာအတွင်း ပြောဆိုသုံးစွဲကြပြီး ကလေးများအနေဖြင့် စာသင်ခန်းတွင်းတွင် မြန်မာဘာသာစကားဖြင့် သင်ကြားမှုတွင် အခက်အခဲရှိသည်ဟုဆိုပါသည်။



CamScanner
CamScanner

လွန်ခဲ့သောနှစ် ၂၀ ငှက် ဖျားရောဂါတစ်ရွာလုံး ဖြစ် ပွားဖူး၊လွန်ခဲ့သော ၁၀နှစ် ဝမ်းပျက်ဝမ်းလျှောတစ်ရွာ လုံးဖြစ်ပွားဖူးပြီး ၂၀၁၃ခုနှစ်မှစကာ ဆီးချိုရောဂါအဖြစ်များလာသည်ကို သတိပြုမိကြပါသည်။ တစ်ပါတ်အတွင်း အိမ်ထောင်စု ၃၀ထိ ဆီးချိုရောဂါကြောင့် ဆေးခန်းပြရဖူးပါသည်။ ကတ်တောင်ရွာတွင် ကျန်းမာ ရေးဆေးခန်းရှိပြီး ရွာမှ ၄ဖာလုံသာဝေးပါသည်။ ကျန်းမာရေးမှူး ၁ ဦး၊ သားဖွားဆရာမ အနီဝတ် ၁ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ ၁ ဦး၊ ကျန်းမာရေးလုပ်သား ၁ ဦး ရှိကာ ပုံမှန်ကျန်းမာရေး ဝန်ဆောင်မှု များပေးပါသည်။ ပုဂ္ဂလိကဆေးခန်း ၂ ခုရှိပြီး ဆရာဝန် ၂ ဦးရှိပါသည်။ ကတ်တောင်ရွာကြီးတွင် ဆေးဆိုင် ၃ ဆိုင်ရှိကာ ထိန်းသိမ်းထားသိုမှု ကောင်းမွန်ပါသည်။

တုံကင်ရေတွင်း ၁၅ တွင်း နှင့် အဝီစိတွင်း(တုံကင်) ၃စတွင်း နှင့် စိမ့်စမ်းရေသွယ် ၅၀ အိမ်ရှိရာ သောက်သုံးရေ သန့်ရှင်းကောင်းမွန်ပြီး လုံလောက်ပါသည်။ ယင်လုံအိမ်သာ ၇၀ အိမ်၊ ကျင်းအိမ်သာ ၁ ရှိရာ ၄ အိမ်မှာ ပေါင်းသုံးကြပါသည်။

**(ဆ) လူငယ်နှင့် ယဥ်ကျေးမှု**

ကျေးရွာလူငယ်များသည် များသောအားဖြင့် ရိုးရာဓလေ့အရ တာဝန်ယူလေ့ရှိပြီး ပွဲတော်များတွင် အားလုံးပါဝင်ဆင်နွဲကြပါသည်။ ဂုံရှမ်းစာဖြင့် တရားဓမ္မများ အထူးသဖြင့် ယောက်ကျားလေးများကို သင်ယူစေပါသည်။ ဓမ္မစကြာရွတ်ခြင်း၊ ဘုန်းကြီးကျောင်း ဝေယျာဝစ္စကုသိုလ်ယူလုပ်ဆောင်ခြင်းများတွင် စုပေါင်းပါဝင်ကြပါသည်။ ကတ်တောင်ရွာတွင် စာကြည့်တိုက်ရှိပြီး လူငယ်များသုံးစွဲနိုင်သည်ဆိုသော်လည်း သုံးစွဲမှုနည်းပါသည်။

**(ဇ) အခြေခံ အဆောက်အဦ - (လက်လှမ်းမှီ ရယူမှု)၊ လမ်း၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ယန်းဟုတ်ရွာတွင်းလမ်းမကြီး ၁ ခုနှင့် လမ်းသွယ် ၂ခုရှိပါသည်။ ကျိုင်းတုံ-မိုင်းယန်းလမ်းမမှကပ်လျှက် ရွာထဲသို့ခွဲဝင်သွားခြင်းဖြစ်ကာ မြေသားလမ်းများဖြစ်ပါသည်။ လမ်းမကြီးတစ်ခုသာ မြေညှိပြီး ခင်းထားခြင်းဖြစ်ပါသည်။ လမ်းများကျဥ်းမြောင်းပြီး ဝဲ၊ယာ လမ်းပခုံးဧရိယာ ကျန်ရှိ မနေပဲအိမ်ဝိုင်းများဖြင့် ထိစပ်နေကာ လမ်းချဲ့တွင်ရန် ခက်ခဲပါသည်။ အထူးသဖြင့် မိုးရာသီတွင် လမ်းဘေးမြောင်းမရှိ သောကြောင့် လမ်းပေါ်တွင်မိုရေအိုင်ကာ ဗွက်များထူပြီး သွားလာရခက်ခဲ စေပါသည်။ လမ်းမကြီးတွင် ရေပြွန်တစ်ခု ကွန်ကရစ်(၄×၁၀) ကို ၂၀၀၀ ခုနှစ်က ထည့်သွင်းတည်ဆောက်ထားပြီးဖြစ်ပါသည်။

ရွာတွင် အသေးစားကိုယ်ပိုင်ရေအားလျှပ်စစ်မှ ၁ယူနစ်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် အိမ်ထောင်စု ၇၀ ထိရယူ ထားကာ နွေရာသီတွင်မှ အလှည့်ကျပေးဝေသည်စနစ်ဖြင့် ဓါတ်အားဖြန့်ဝေပါသည်။ ဆိုလာပြားတပ်ဆင်ပြီး နေရောင်ခြည်မှ လျှပ်စစ်ဓါတ်အားသုံးစွဲသူ ၃ အိမ်ရှိကာ မည်သည့်မီးမျှ မရရှိသည့်အိမ် ၂ အိမ် ရှိ ပါသည်။

မိုဘိုင်းဖုန်း ၁၂၀ ရှိကာ အချက်အလက်နှင့်အရုပ်အသံ အမျိုးအစား ၂ခုစလုံးဆက်သွယ်နိုင်ပါသည်။ လိုင်းအရည်အသွေးသင့်တင့်ကောင်းမွန်ပြီး အင်တာနက်ကို မိုဘိုင်းဖုန်းမှတစ်ဆင့် လူငယ်အများစုသုံးစွဲကြပါသည်။ ရေဒီယို ၅ လုံး၊ တီဗီ ၆၁ လုံးရှိသည့်အတွက် ကျေးရွာ၏ ၉၀% ရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ယန်းဟုတ်ရွာသည် သာမန်အားဖြင့် ပဋိပက္ခမရှိပဲ ငြိမ်းချမ်းပါသည်။ အရံမီးသတ်နှင့်ပြည်သူ့စစ်တို့ရှိကာ ကတ်တောင်ရဲစခန်းကိုကိစ္စတစ်စုံတစ်ရာ ရှိပါက လက်လှမ်းမီရယူကြပါသည်။ ခိုးမှုနှင့်မူးယစ်ဆေးမှုတို့အပြင် နောက်ဆက်တွဲ အိမ်တွင်းအကြမ်း ဖက်မှုအနည်းငယ်ရှိပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန်လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက် နိုင်မှုတို့မှာ အဓိကအချက်များဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင် နိုင်မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့်ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည်စသည့်တို့ သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မြေဆီမြေသြဇာအသင့်အတင့်ကောင်းမွန်ပြီး ဖိုက်တွိနှင့် ဖိုက်စံချောင်းများမှ မိုးတွင်းနှင့်နွေရာသီအစောပိုင်း စိုက်ပျိုးရေအလုံ အလောက်ရရှိနိုင်။ ချောင်းများမှ လမ်းခင်း ကျောက်များရရှိနိုင်မှုများပါသည်။ ကျိုင်းတုံ-မိုင်းယန်းလမ်းမဘေး ကျိုင်းတုံမှ ၇မိုင်ခန့်အကွာ ကတ်တောင်အုပ်စုရွာကြီးနှင့်ကပ်လျှက် တည်ရှိပြီး ပညာရေး ဝန်ဆောင်မှုကို လက်လှမ်းမီရယူနိုင်ခြင်းနှင့် ကတ်တောင်ဈေးကိုတိုက်ရိုက်လက် လှမ်းမီခြင်း လမ်းပန်းကောင်းမွန်ပြီး ရုံးစာပေးစာယူကို ကျေးရွာအုပ်စုအထွေထွေအုပ်ချုပ်ရေးဌာနစာ ရေးမှတဆင့်ယူဆက် သွယ်ပေးပြီး မိုဘိုင်းဖုန်းဆက်သွယ်မှု လိုင်းအားကောင်းမွန်သောနေရာဖြစ်ပါသည်။ အိမ်ခြေ၇၅အိမ်တွင် မိုဘိုင်း ဖုန်း ၁၀၂ လုံးရှိသောကြောင့် ဆက်သွယ်ရေးဝန်ဆောင်မှုရယူခြင်း ကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။ ကတ်တောင် ကျေးရွာတွင် အထက်တန်းရှိခြင်းကြောင့် အခြေခံပညာ ရေးကိုလက်လှမ်းမီရယူနိုင်ခြင်းရှိပါသည်။ ကတ်တောင်ရွာဆေးခန်းနှင့်ဆရာဝန်များရှိခြင်းသည် အားသာချက်ဖြစ်ပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

လယ်ယာမြေထပ်မံချဲ့ထွင် နိုင်မှုမရှိခြင်းနှင့် စိုက်ပျိုးရေသွင်းရေးအတွက် ပဋိပက္ခဖြစ်နေခြင်းကို တစ်ရွာတည်း အားဖြင့် မဖြေရှင်းနိုင်ခြင်းနှင့် ဘာသာစကားအခက်အခဲကြောင့် ဌာနများဖြင့်ချိတ် ဆက်ကာ ဝန်ဆောင်မှုများ ရယူခြင်းနည်းပါးပါသည်။ ကျေးရွာအနေဖြင့် ဌာနဖြင့်ချိတ်ဆက်မှုအပေါ် နားလည်မှုအပြည့်အဝ မရရှိခြင်းကလည်း တုံ့နှေးမှု ဖြစ်ပေါ်စေပါသည်။ ဆန်စက်နှင့်သံပန်းသံတံခါးလုပ်ငန်းမှလွဲပြီး အခြားအ သေးစားထုတ်လုပ်မှုလုပ်ငန်းများ နည်းပါးပါသည်။ စိုက်ပျိုးရေးကဏ္ဍကိုသာ အားကိုးအသက်မွေးဝမ်း ကြောင်းပြုကြပြီး လက်ရှိအချိန်ထိအခြားအသက် မွေး ဝမ်းကြောင်းမှုအခွင့်အလမ်းကို ဖန်တီးနိုင်မှုအကန့်အသတ်ရှိပါသည်။ လျှပ်စစ်မီးရသော်လည်းဈေးကွက်နှင့် ကိုက်ညီမည့် အသေးစားကုန်ထုတ်လုပ်မှုဆိုင်ရာ အသိပညာမ ရှိခြင်းသည်အားနည်းချက်ဖြစ်ပါသည်။



CS CamScanner
CS CamScanner

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည် ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

**(က) ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

- (၁) ကျေးရွာဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကို ပိုမိုပွင့်လင်းမြင်သာပြီး တာဝန်ခံယူမှုရှိစေရန် နှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများပိုမိုအားကောင်းခိုင်မာစေရေးနှင့် လုပ်ကိုင်နိုင်စေရန် စွမ်းဆောင်ရည်မြှင့်တင်နိုင်စေရန်
- (၂) စိုက်ပျိုးရေးမွေးမြူရေးနည်းပညာများရရှိစေရေး သက်ဆိုင်ရာဌာနများဖြင့် ပိုမိုပေါင်းစပ်လုပ် ဆောင်ခြင်းဖြင့် သီးနှံသားငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန်
- (၃) ရွာ၏အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိမှုအတွက် ရွာအရှင်းချင်းကြားတင်းမာမှုလျော့ချပြီးပိုမိုမျှတစွာနှင့် အချိန်မီစိုက်ပျိုးရေရရှိရေး ကျေးရွာများနှင့်သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ဆောင် ရွက်ရန်
- (၄) မတတ်နိုင်သောမိသားစုများ၏ ကလေးများပညာရေးထောက်ပံ့ပေးနိုင်ရန်
- (၅) ကျေးရွာလမ်းများနှင့်ဆက်စပ်အခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရန် နှင့်အသက်မွေး ဝမ်းကျောင်းအခွင့်အလမ်းများပိုမိုပေါ်ထွက်လာစေရန်

**(ခ) နည်းဗျူဟာ**

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကိုအောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

ကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ဖွဲ့စည်းထားရှိပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးမှုကော်မတီတို့က သက်ဆိုင်ရာဌာနများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာအခြေပြုအဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင် နိုင်မည့်အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေးစီမံကိန်း များကိုရေးဆွဲခြင်း၊ ကြီးကြပ်အ ကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်းအကောင် ထည်ဖော်မှုအခြေအနေ



CamScanner
CamScanner

များကို စာရင်းဇယားနှင့်တကွတင်ပြခြင်း၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက်တိုးတက်လုပ်ကိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သော စီမံအုပ်ချုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အသက်မွေး ဝမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လူငယ်၊ယဉ်ကျေးမှုနှင့်အမျိုးသမီး ကဏ္ဍစသည်တို့ကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများရရှိလက်လှမ်းမီရန်နှင့် အထောက်အပံ့များရရှိစေရန် သက်ဆိုင်ရာဌာနများ၏ ချိတ်ဆက်ပံ့ပိုးပေးမှုများအလွန်လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ကျိုင်းတုံမြို့နယ်ဌာနများ၊ အထက်ခရိုင်၊ပြည်နယ်နှင့်တိုင်း၊ပြည်ထောင်စု အဆင့်မူဝါဒများဖြင့် ချိတ်ဆက်မိမိ ဟန်ချက်ညီညီအကောင်ထည်ဖော်နိုင်ရန်လိုအပ်ပါသည်။

ယန်းဟုတ်ရွာသည် အများအားဖြင့် ကတ်တောင်ရွာနှင့်သာ ချိတ်ဆက်လည်ပါတ်ခြင်းများပြီး တနည်းအားဖြင့် ပြင်ပအဖွဲ့အစည်းများဖြင့် ချိတ်ဆက်မှုအားနည်းပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကို စိတ်ဝင် စားမှုအားနည်းပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲပြီး ကျေးရွာသူ၊သားများပါဝင်ခွင့်ရလာမှသာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းထားကာ အုပ်ချုပ်ရေး၊ လူမှုရေး၊ ဘာသာရေး စသည်တို့ကို ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းအခြေပြုအဖွဲ့တစ်ဖွဲ့ ကိုဖွဲ့စည်းပြီး အသက်မွေးဝမ်းကျောင်းများအား ကောင်းစေရန်ဆောင်ရွက်မည်ဖြစ်ပါသည်။

ယန်းဟုတ်ရွာ၏ စိုက်ပျိုးရေးကဏ္ဍတွက် လတ်တလောစိန်ခေါ်ချက်ထက် ရေရှည်ဖြစ်လာမည့် မြေယာအကန့်အသတ်ရှိခြင်းက ကျေးရွာကို သက်ဆိုင်ရာဝန်ဆောင်မှု ပေးမည့်ဌာနများဖြင့် ချိတ်ဆက်နိုင်ရန်လို အပ်ကြောင်းပြဆိုနေပါသည်။ မွေးမြူရေးကဏ္ဍတွင်လည်း အလားတူချိတ်ဆက်ရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် အကျိုးသက်ဆိုင်သူများဖြင့် တိုင်ပင်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာဌာနများသို့ တင်ပြအကူအညီတောင်းခံခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။ အလားတူ စိုက်ပျိုးရေအချိန်မီနှင့်အလုံအလောက်ရရှိရေး ကျေးရွာများအကြားနှင့် သက်ဆိုင်ရာ ဖြေရှင်းပေးနိုင်မည့်ဌာနများဖြင့် ညှိနှိုင်းကာ ဆောင်ရွက်မည်ဖြစ်ပါသည်။

ကလေးငယ်များ ပညာသင်ကြားရာတွင် အခက်အခဲဖြစ်နေသော ဘာသာစကားတွင် ဂုံရှမ်းနှင့်မြန်မာ ဘာသာစကား ၂ မျိုးဖြင့် သင်ကြားပေးနိုင်စေရေးအတွက် ကျောင်းကော်မတီကိုယ်စားလှယ်၊ အုပ်ချုပ်ရေးတို့ဖြင့် ပူပေါင်းကာ ပညာရေးဌာနဖြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

ကျေးရွာလမ်း၊တံတား၊ရေမီး စသည်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်လာနိုင်စေရေးအတွက်ကျေးရွာအုပ်ချုပ်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ပူးပေါင်းပြီး ကျေးလက်ဒေသတိုးတက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုင်းတုံစည်ပင်သာယာရေးအဖွဲ့တို့ အပြင်ကျိုင်းတုံဖွံ့ဖြိုးရေး နှင့်အထောက်အကူပြုအဖွဲ့တို့ကဲ့သို့သော အကူအညီပေးနိုင်မည့်အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များဖြင့် ပူးပေါင်းပြီး တစ်ဆင့်ချင်းရွာ၏တတ်နိုင်အားဖြင့် ချိန်ထိုး ညှိနှိုင်းကာ



CS CamScanner
CS CamScanner

သက်ဆိုင်ရာ ဘတ်ဂျက်နှစ်အ လိုက်ဌာနများသို့ တင်ပြဆောင်ရွက်ပြီး ဘတ်ဂျက်ရရှိပါက အကောင်ထည်ဖော်ဆောင် ရွက်မည်ဖြစ် ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) စိုက်ပျိုးရေး၊သစ်တော၊လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းအင်းနှင့်ဆည်မြောင်းဦးစီးဌာနများ

ကျေးရွာ၏ စိုက်ပျိုးမြေနှင့်ရေကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲအသုံးချနိုင်ပြီး ထွက်နှုန်းတိုးကာ အမှန်တကယ်စိုက်ပျိုးသူ လယ်သမားများ အကောင်းဆုံးအကျိုးတရားခံစားရနိုင်ရေးတို့ကို ဦးတည်ပြီး သက်ဆိုင် ရာဌာနများဖြစ်သော စိုက်ပျိုးရေးဌာန၊ လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့ဖြင့် ပေါင်းစပ်ကာ စိုက်ပျိုးရေး ခေတ်မီနည်းပညာ များရရှိနိုင်ရေး (သဘာဝမြေသြဇာသုံးစွဲသော) ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းမှထွက်သော သီးနှံများကိုဈေးကွက်ရရှိနိုင်ရေးအတွက် ကျိုင်းတုံစည်ပင်သာယာ၊ ဟိုတယ်နှင့်ခရီးတို့ကဲ့သို့သော ဌာနများဖြင့် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တိုင်းရင်းသားရေးရာဝန်ကြီး၊ ကျိုင်းတုံဂုရှမ်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့်အခြားအရပ်ဖက် လူမှုအဖွဲ့ အစည်းများ- အခါရိုးရာလေ့များထိန်းသိမ်းရေးနှင့် ယင်းသို့ထိန်းသိမ်းခြင်းနှင့်အတူ တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေရရှိနိုင်ရေးအတွက် ရိုးရာအထည်များကို ခေတ်မီဈေးကွက်အဆင့်အတန်းဝင်အောင် ဆန်းသစ်ဆောင်ရွက်ခြင်း၊ ကျိုင်းတုံမြို့၏ ရှိပြီးဖြစ်သော ခရီးသွားကဏ္ဍတွင် သဘာဝပါတ်ဝန်း ကျင်နှင့် ရိုးရာယဉ်ကျေးမှုကို မထိခိုက်စေသော ခရီးသွားလုပ်ငန်းများထွန်းကားလာရေးများတွင် ပိုမိုပေါင်းစပ်လုပ်ဆောင်ရမည်ဖြစ်ပါသည်။



CamScanner

CamScanner

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ကျေးရွာသည် ငွေရေးကြေးရေးလည်ပတ်မှုတွင်လည်း မိမိတို့ရွာအတွင်းသာ လည်ပါတ်လုပ်ဆောင်မှုကများပြီး အများဆုံးကတ်တောင်ရွာတွင်သာ ချေးငွေရယူကြပါသည်။ ရွာအနေဖြင့် တစ်နိုင်မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ပိုမိုရယူလိုပါက ငွေကြေးဝန်ဆောင်မှုကိုလည်း လက်လှမ်းမီရယူနိုင်ရန်လိုအပ်ပါသည်။ လူမှုရေးအခြေပြုအဖွဲ့များ အားသစ်သကဲ့သို့ အသက်မွေးဝမ်းကျောင်းအခြေ ခံအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန်လျာထားပြီး ငွေကြေးဝန်ဆောင်မှုများကို ပိုမိုစနစ်ကျပြီး ကျေးရွာအတွက် ဝန်ပိုနည်းစေသော နည်းလမ်းများဖြင့် ဆိုင်ရာအဖွဲ့အစည်း၊ ဘဏ်စသည်တို့ဖြင့်ချိတ်ဆက်မည်ဖြစ်ပါသည်။

**(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် အခြားကူညီထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများ**

ကျေးရွာအတွင်း ဖွံ့ဖြိုးရေးအမြင်များပွင့်လင်းလာသည်နှင့်အမျှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ကျေးရွာလူထုလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည့် စွမ်းဆောင်ရည်များတည်ဆောက်ရန်လိုအပ် ပါသည်။ ယင်းကို ဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အခြားကူညီထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ကာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုပွင့်လင့်မြင်သာစွာနှင့် တာဝန်ခံယူမှုရှိစွာ ဆောင်ရွက်သွားနိုင်စေမည်ဖြစ်ပါသည်။

**(င) အလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

အသေးစားစက်မှုလုပ်ငန်းများကို ဒေသတွင်းလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများဖြင့်ချိတ်ဆက် ကာ ထောက်ပံ့ပေးပါက လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မှု ကျေးရွာအနေဖြင့် ယင်းအထောက်အပံ့များကို လက်လှမ်းမီနိုင်ခြင်းမရှိသေးပါချေ။ အသေးစားရေအားလျှပ်စစ်ရရှိသုံးစွဲ နိုင်ခြင်းနှင့် ဆန်စက်လုပ်ငန်း၊ သံပန်းသံတံခါးလုပ်ငန်းတို့သည် ပန်းရံ၊ လက်သမားလလုပ်ငန်းတို့ဖြင့် ဆက်နွယ်ပြီး လုပ်ငန်းအလားအလာကောင်းမွန်မှုရှိခြင်းတို့က အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ထွန်းကားလာနိုင်ချေရှိစေပါသည်။ သို့သော် အရင်းအနှီးနှင့်နည်းပညာတို့ဖြင့် ချိတ်ဆက်နိုင်ရန်အတွက် ပြင်ပအဖွဲ့အစည်းများဖြင့် ပိုမိုချိတ်ဆက်နိုင်ရန်လိုအပ်ပါသည်။

ယင်းကို မူဝါဒအထောက်အပံ့အဖြစ် သက်ဆိုင်ရာအထက်အဆင့်များက ချိတ်ဆက်ကူညီနိုင်ရန်အရေးကြီးပါသည်။ အသေးစားချေးငွေလုပ်ငန်းကိုဆောင်ရွက်ရာတွင် အဓိကဖော်ထုတ်သောစိန်ခေါ်ချက်မှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းရှားပါးခြင်းဖြစ်ပါသည်။ ဝင်ငွေရလုပ်ငန်း မရှိပဲမည်သည့်အစီအစဉ်ဖြင့် ငွေချေးသည်ဖြစ်စေ အလုပ်မလုပ်နိုင်ခြင်းကြောင့် ဝင်ငွေမရတော့ပဲပြန်မဆပ်နိုင်လျှင် တိုးရင်းပေါင်းဆင့်ကာ အခြေအနေပိုမိုဆိုးရွားသွားစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ချေးငွေအစီအစဉ်များကို အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းဖန်တီးခြင်းဖြင့် ချိတ်ဆက်အကောင်ထည်ဖော်ရန်လိုပါသည်။ ထို့ပြင်အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း ဖန်တီး



CamScanner
CamScanner

ခြင်းသည် ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုး တက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက်စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

### ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ် တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို** ပြင်ဆင်ရမည် ဖြစ်ပါသည်။

### ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၎င်းတို့နှင့် သက်ဆိုင်သောစီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။



CamScanner
CamScanner

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေးရင်းနှီးမြှုပ်နှံမှုများ(Capital Investment) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည် အသုံး စရိတ်၊

(၃) အထွေထွေ ရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့ နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။



CamScanner

CamScanner

ယန်းဟုတ်ကျေးရွာကျိုင်းတုံမြို့နယ်၏ ဦးစားပေးစီမံချက်အခြေပြဇယား

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| *စီမံခန့်ခွဲမှုကဏ္ဍ* | | | | |
| *လူမှုရေးအဖွဲ့အစည်းများအားသစ်ပြီး စီမံအုပ်ချုပ်မှုစွမ်းဆောင်ရည်မြှင့်တင်ခြင်း* | လူမှုရေးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း | - | - | ယန်းဟုတ်ရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသောအခါ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကဖွဲ့ခဲ့ကြပြီး ကျေးရွာအခြေပြုလူမှု အဖွဲ့အစည်းများအားကောင်းခိုင်မာရေးအတွက် စီမံခန့်ခွဲမှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်ရည်ရွယ် သောလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာကဖော်ထုတ်လိုက်သော ဖွံ့ဖြိုးရေးလိုအပ်ချက်များကို အကောင်အထည်ဖော်ရင်းဖြင့် လိုအပ်သာစွမ်းဆောင်ရည်များရရှိရန်လုပ်ဆောင်မည်ဖြစ်သည်။ |
| *စိုက်ပျိုးရေးကဏ္ဍ* | | | | |
| စိုက်ပျိုးစရိတ်ချေးငွေတိုးတက်ရရှိစေရေးစီမံချက် | စိုက်ပျိုးစရိတ်ချေးငွေ | ၆ | ၂ | ယန်းဟုတ်ရွာသည် စိုက်ပျိုးရေးကိုအဓိကအားထားအသက်မွေးဝမ်းကြောင်းပြုရာတွင် ငွေကြေးအခက်အခဲကြောင့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီနှင့်လုံလောက်အောင် မသုံးနိုင်ပါကအထွက်နှုန်းကျလာခြင်းကို ကြုံတွေ့လာရခြင်းကို ဖြေရှင်းနိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိရေး တင်ပြအကူအညီတောင်းခံမည့် စီမံချက်လုပ်ငန်းရပ်ဖြစ်ပါသည်။ လက်ရှိလယ်ယာမြေပုံစံ ၇ ဖြင့်တောင်းခံယူသော စိုက်ပျိုးစရိတ်ချေးငွေမှာ ပထမနှစ်ငွေအကြေမဆပ်နိုင်ပါ ဒုတိယနှစ်တွင် အချိန်မီရယူရန် အနည်းငယ်အခက်အခဲရှိသောကြောင့်(အကြောင်းတစ်စုံတစ်ရာကြောင့် ထွက်နှုန်းနည်းသောနှစ်(ဥပမာ-ရေသွင်းနောက်ကျ) သို့မဟုတ် သီးနှံဈေးမကောင်းသောနှစ်များ) အခြားစိုက်ပျိုးရေးချေးငွေတစ်ခု ခု ရရှိနိုင်ရန်လုပ်ဆောင်လိုခြင်းဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ကာ ချေးယူလိုသောသူများနှင့် ချေးပေး နိုင်သူတို့အကြား စုဖွဲ့ပေးပြီးအတိုးနှုန်းသက်သက်သာသာဖြင့်ရေရှည်ချေးပေးနိုင်ရန် စီစဉ်ပေးရန်လျာထားပါသည်။ |
| စိုက်ပျိုးရေ | ဖိုက်တွံ့နှင့်ဖိုက်ဆန်းချောင်းများ နှံ့ဆည်ရေးနှင့် ရွာများ စိုက်ပျိုးရေ | ၅ | ၃ | ယန်းဟုတ်ရွာ သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် စိန်ခေါ် ချက်တစ်ရပ်အဖြစ်ဖော်ထုတ်ကြသည်မှာ စိုက်ပျိုးရေသွင်းချိန် နောက်ကျ |



CamScanner
CamScanner

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | အချိန်မီနှင့်မျှတစွာခွဲဝေပေး နိုင်ရေး သက်ဆိုင်ရာဌာနများသို့ တင်ပြခြင်း | | | ခြင်းဖြစ်ပါသည်။ ဖိုက်တို့နှင့်ဖိုက်စ်ချောင်းများမှမိုးရာသီနှင့် နွေဦးအချိန်များအတွက် လုံလောက်သောရေ ရရှိနိုင်သော်လည်း ရွာသည်ချောင်းအောက်ဘက်တွင် ရှိခြင်းကြောင့် လယ်ရေသွင်းချိန်သည်ချောင်းအ ထက်ဘက်ရွာများရေသွင်းပြီးမှသာရေသွင်းနေရ ပါသည်။ အထက်ရွာများ နှင့်တစ်ကြိမ်ညှိနှိုင်းမှုအ ဆင်မပြေရာမှ တင်းမာမှုများဖြစ်ပွား ခဲ့ဖူးသဖြင့် ယခုအခါထိုသို့မဖြစ်စေရန်အတွက် ကျေးရွာဖွံ့ဖြိုး ရေးကော်မတီက ဦးဆောင်ပြီး သက်ဆိုင်ရာကျေးရွာများနှင့် အထွေထွေအုပ်ချုပ်ရေး(အုပ်စုနှင့်မြို့နယ်)၊ ဆည်မြောင်းစသည်ဌာနများဖြင့်ချိတ်ဆက်ညှိနှိုင်းလိုသော လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာအခက်အခဲကိုကျေးရွာအုပ်စုအုပ်ချုပ်ရေး မှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးနှင့် ဆည်မြောင်းဌာနတို့ကို ကနဦးရှင်းလင်း တင်ပြပြီး သက်ဆိုင်ရာကျေးရွာများဖြစ်သော ဝမ်ပေါက်၊ ဝမ်ဘာ၊ ခါးရမ်း၊ ဝမ်ပန်နှင့်မြောင်းရင်း ကျေးရွာမှတာဝန်ရှိသူများကို ပေါင်းစပ်ညှိနှိုင်း မည်ဖြစ်ပါသည်။ ထို့နောက်ဆည်မြောင်းဦးစီဌာနအား ၂၀၁၆ ခုနှစ်သင့်လျော်သည့် စိုက်ပျိုးရေးရာသီချိန်မီအ တွင်း ချောင်းများနှီးဆည်ခြင်းနှင့် စိုက်ပျိုးရေးအချိန်မီနှင့်မျှတစွာ ခွဲဝေပေးနိုင်ရေး စုပေါင်းတင်ပြအကူအညီတောင်းခံမည် ဖြစ်ပါသည်။ |
| *မွေးမြူရေးကဏ္ဍ* | | | | |
| မွေးမြူရေးကဏ္ဍအတွက် နည်းပညာနှင့် ငွေကြေးအထောက်အပံ့များပိုမိုရရှိအောင် ဆောင်ရွက်ခြင်းအားဖြင့် မွေးမြူရေးလုပ်ငန်းများအားကောင်းလာစေရန် | မွေးမြူရေးနှင့် ကုသစောင့်ရှောက်ရေးသင်တန်းနှင့် မွေးမြူရေးချေးငွေ | ၃ | ၅ | တိ/ကု သင်တန်းဆင်းရှားပါးပြီး အိမ်သို့ခေါ်ယူရန်အခက်အခဲရှိခြင်းကိုဖြေရှင်းလိုသည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ ဖြိုးရေးကော်မတီက မွေးမြူလိုသောအိမ်ထောင်စုများကို မြို့နယ် တိ/ကုဌာနဖြင့်ချိတ်ဆက်ပြီး မွေးမြူရေးနှင့် ကုသစောင့်ရှောက်ရေးသင်တန်းနှင့် မွေးမြူရေးချေးငွေရရှိရေး လုပ်ဆောင်မည်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်မှစတင်ကာ ချိတ်ဆက်ပြီး ရေရှည်လျာ ထားလုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာဌာန၏ လိုအပ်ချက်များကို သိရှိရန်လုပ်ဆောင်ပြီးမှ ဖွံ့ဖြိုးရေးကော် မတီကကျေးရွာမှစိတ်ပါဝင်စားသူများနှင့် ဆက်လက်ညှိနှိုင်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ပညာရေးကဏ္ဍ | | | | |
| ရန်ပုံငွေ | ငွေကြေးမတတ်နိုင်သောမိသားစုများ၏ သားသမီး များပညာရေးအတွက် ရန်ပုံငွေ ထူထောင်ထောက် ပံ့ခြင်း | ၇ | ၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ၂၀၁၅ခုနှစ် စက်တင်ဘာလကုန် ပိုင်းတွင် ကျေးရွာကိုအစည်းအဝေးခေါ်ပြီး ရွာကိုရှင်းလင်းတင် ပြကာ ငွေကြေးမတတ်နိုင်သောမိသားစုများ၏ သားသမီး များပညာရေးအတွက် ရန်ပုံငွေထူထောင်ထောက်ပံ့ပေးနိုင်ရန် အတွက် မြို့နယ်ပညာရေးဌာနသို့ ဆက်လက်ရှင်းလင်းတင်ပြ အကူအညီတောင်းခံမည့်အစီအစဉ်ဖြစ်ပါသည်။ ပညာရေးဌာန နှသာမက ထောက်ပံ့ပေးနိုင်မည့် အခြားဌာနများ ဥပမာ န.တ. လ နှင့် စည်ပင်ကဲ့သို့သော ဌာနများအပြင် ကျိုင်းတုံရှိလူမှုရေး အသင်းအဖွဲ့များတို့ကိုပါ တတ်နိုင်သလောက်ချိတ်ဆက် လုပ် ဆောင်မည်ဖြစ်ပါသည်။ |
| ဘာသာစကား | ရှမ်း-မြန်မာနှစ်ဘာသာဖြင့် မူလတန်း ပညာသင် ကြား ပေးရေးတင်ပြခြင်း | ၁ | ၇ | အခြေခံပညာမူလတန်းတွင် ဘာသာစကားအခက်အခဲကြောင့် ရွာမှကလေးများမှ ကတ်တောင်ရှိအခြားကလေးများနှင့်ယှဉ်ပြီး စာလိုက်နိုင်ရန် အခက်အခဲရှိနေခြင်းကို တိုးတက်ဖြေရှင်းရန် ရည်ရွယ်လုပ်ဆောင်လိုသော လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက သက်ဆိုင်ရာကျောင်းကော်မတီကို ဦးစွာညှိနှိုင်းပြီးကျောင်းသားမိဘတို့ဖြင့် ပူးပေါင်းကာမြို့နယ်သို့မူ လတန်းအဆင့်ကလေးများကို အခြေခံကောင်းများရရှိနိုင်စေရေး အတွက် ရှမ်း(ဂုံရှမ်း)၊မြန်မာနှစ်ဘာသာဖြင့်သင်ကြားပေးနိုင်စေရေး တင်ပြအကူအညီတောင်းခံသွားရန်ဖြစ်ပါသည်။ |
| အခြေခံအဆောက်အဦကဏ္ဍ | | | | |
| လမ်း | ရွာတွင်းလမ်းများ ပြုပြင်ခြင်းနှင့်ရေနုတ် မြောင်း တူးဖော်ခြင်း | ၄ | ၄ | ကျေးရွာတွင်းလမ်းများမှာ မိုးရာသီသွားလာရခက်ခဲပြီး မြေသားလမ်းများဖြစ်နေသောကြောင့် ယင်းကို အဆင့်မြှင့်တင် နိုင်ရန် ရည်ရွယ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဖြင့် ပေါင်းစပ်ကာလမ်းခင်းခြင်းနှင့် လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ခြင်းကို လုပ်ဆောင်မည့် အစီအစဉ်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် အစောပိုင်းလများ တွင်လုပ်ဆောင်ရန်လျာထားပါသည်။ |
| | စည်ပင်သို့ရေနုတ်မြောင်းများတိုးချဲ့ | ၂ | ၆ | ကျေးရွာသည် ကျိုင်းတုံ-မိုင်းယန်းကားလမ်းဘေးတွင် တည်ရှိ ပြီး |



CamScanner
CamScanner

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | ပေးနိုင်ရန် တင်ပြခြင်း | | | လမ်းမဘေးရွာဘက်အခြမ်းနှင့် အခြားရွာတွင်းလမ်းများဘေး ရေနုတ် မြောင်းများမှာ ကျဉ်းမြောင်းပြီး ရေစီးရေလာမ ကောင်းခြင်းကြောင့် လမ်းပျက်စီးခြင်းနှင့် သန့်ရှင်းရေးမ ကောင်းခြင်းတို့ ဖြစ်ပွားပါသည်။ ယင်းကိုဖြေရှင်းရန်အတွက် မြောင်းချဲ့ထွင်ရန်လိုအပ်ပြီး မြောင်းဘေးအိမ်ရှင်တို့က ထိုသို့ချဲ့ ထွင်ခွင့်မပေးသဖြင့် မြောင်းများပိတ်ဆို့နေလေ့ရှိပါသည်။ ရွာတွင်းအချင်းချင်းဖြေရှင်းရန်မဖြစ်နိုင်သောကြောင့် ကျေးရွာဖွံ့ ဖြိုးရေးကော်မတီက သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့်စည်ပင်သို့ တင်ပြပြီး ရေနုတ်မြောင်းများတူးဖော်ပေးနိုင်ရေး အကူအညီ တောင်းခံမည်ဖြစ်ပါသည်။ |



CamScanner
CamScanner

**(ဃ) အကောင်ထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင် အထည် ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**ဇယား (၄၆) စီမံကိန်းကာလ**

| | | | ကာလ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စဉ် | စီမံကိန်း | ဦးစားပေးအဆင့် | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | မှတ်ချက် |
| ၁ | ရွာလမ်းကျောက်ချောခင်း(ကတ္တရာ) ခြင်းနှင့် တံတားထိုးခြင်း | ၁/၁၀ | √ | √ | √ | √ | | | ကျေးလက်ဦးစီး |
| ၂ | ကျေးရွာမီးလင်းရေး (လျှပ်စစ်ဓာတ်အားဆိုင်) | ၂/၉ | √ | √ | | | | | ကျေးလက်ဦးစီး |
| ၃ | အလယ်တန်းကျောင်းလျှောက်ခြင်း | ၃/၈ | | √ | √ | √ | √ | √ | |
| ၄ | ကျေးရွာခန်းမ(စာကြည့်တိုက်) | ၄/၇ | | √ | √ | | | | ကျေးလက်ဦးစီး |
| ၅ | ကျန်းမာရေးဆေးပေးခန်း | ၅/၆ | | √ | √ | √ | √ | √ | ကျေးလက်ဦးစီး |
| ၆ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ၆/၅ | | | √ | √ | √ | √ | |
| ၇ | တိမ္မွေးကုသင်တန်း | ၇/၄ | | √ | √ | √ | | | |
| ၈ | နှစ်ရှည်သီးနှံစီမံကိန်း | ၈/၃ | | √ | √ | √ | | | |
| ၉ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီစွမ်းဆောင်ရည်မြှင့်တင်ခြင်း | ၁၀/၁ | | √ | √ | √ | √ | √ | ကျေးလက်ဦးစီး |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက် မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည် ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊



CamScanner
CamScanner

အခြေခံ အဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | စွမ်းဆောင်ရည်မြှင့်တင်ရေး | ငွေလုံးငွေရင်းအသုံးစရိတ် | အထွေထွေရင်းနှီးမြှုပ်နှံမှု | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ရွာလမ်းကျောက်ချောခင်း (ကတ္တရာ) ခြင်းနှင့် တံတားထိုးခြင်း | | | | | |
| ၂ | ကျေးရွာမီးလင်းရေး(လျှပ်စစ်တာဘိုင်) | | | | | |
| ၃ | အလယ်တန်းကျောင်းလျှောက်ခြင်း | | | | | |
| ၄ | ကျေးရွာခန်းမ(စာကြည့်တိုက်) | | | | | |
| ၅ | ကျန်းမာရေးဆေးပေးခန်း | | | | | |
| ၆ | စိုက်ပျိုးရေးနည်းပညာသင်တန်း | | | | | |
| ၇ | တီမွေးကုသင်တန်း | | | | | |
| ၈ | နှစ်ရှည်သီးနှံစီမံကိန်း | | | | | |
| ၉ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီစွမ်းဆောင်ရည်မြှင့်တင်ခြင်း | | | | | |



CamScanner
CamScanner

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာလူထု (လူထုခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု အခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင် ပါမည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာ၏ပညာရေးကဏ္ဍ ပိုမိုကောင်းမွန် တိုးတက်လာ စေရန် တာဝန်ယူ ဆောင်ရွက်စေ၍ စိုက်ပျိုးရေးကော်မတီသည် ကျေးရွာ၏ လယ်ယာကုန်ထုတ် ခြင်းလုပ်ငန်းများ တိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုး ရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုအပ်ပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် ဖြေရှင်းရန် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - ပညာရေး ကော်မတီသည် ကျေးရွာရှိ စာသင်ကျောင်းတွင် ဆရာ၊ ဆရာမ လိုအပ်နေမှု (သို့) မူလတန်းပညာ ရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် ချိတ် ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ စိုက်ပျိုးရေးကော်မတီကလည်း လယ်ယာထုတ်ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်သွယ်၍ နည်းပညာဆိုင်ရာ အကူအညီများရယူရန်လိုအပ်ပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစားဖော်ပြချက် တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများ အတွက် အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေး သည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ် ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ် ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူထားသော ကော်မတီ၏တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ



CS CamScanner
CS CamScanner

သည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည် ဖော်ရန်အတွက်အဆိုပြု စီမံကိန်းများကို ရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း တစ်ခုစီ ချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကို ရေးဆွဲထားရှိပါသည်။ ဥပမာအားဖြင့် ကျေးရွာ ကျောက်ချောလမ်းခင်းရန်အတွက် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ရာတွင် ကျေးရွာလူထုမှ ထည့်ဝင်နိုင်မည့် လုပ်အားပမာဏ၊ ငွေကြေးထည့်ဝင်မှု၊ ပြင်ပ အကူအညီလိုအပ်မှု စသည်တို့ ပါဝင်ပြီး၊ ရေရှည်တည်တံ့ရေး လုပ်ငန်းများတွင် ကျေးရွာလူထုမှ ရေနုတ်မြောင်း တူးဖော်ရေး၊ ပြုပြင်ထိန်းသိမ်းရေး အပိုင်းများတွင် လုပ်အား၊ ငွေအား ထည့်ဝင်မှု စသည်တို့ ပါဝင်ပါသည်။ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ အလိုက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနာယကများ၏ အကြံပြုချက်များကို ရယူရုံသာမက လုပ်ငန်း အကောင်အထည်ဖော်မှုများ အားလုံးအတွက် ငွေကြေးသုံးစွဲမှုများကို ပွင့်လင်းမြင်သာမှုရှိရေး အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သော နည်းလမ်း (Participatory Process) ဖြင့် ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အထည် ဖော်ဆောင်မှု အဆင့်တိုင်း၌ လူတန်းစား အလွှာအသီးသီး၊ လူတန်းစားမရွေး ထိရောက်စွာ ပါဝင်ခွင့် ရရှိရေးပင်ဖြစ်ပါသည်။ သို့မှသာ လူထုက စီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ် ရှိလာပါ မည်။ လူထု၏ ပိုင်ရှင် စိတ်ဓာတ်ရှိလာလေလေ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ၏ လုပ်ငန်းလည် ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှု အားကောင်းလေလေ ဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုး ရေး လုပ်ငန်းများလည်ပတ်စရိတ်၊ ပြုပြင်စရိတ် စသည်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်း ပါဝင်မှု မရှိလျှင် တည်ထောင်ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းများမတည်မြဲနိုင်ပါ။

အကောင်အထည်ဖော် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘောသဘာဝများမှာ လုပ်ငန်းအလိုက် ကွဲပြားပါသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင် ထိန်းသိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်။ ကျေးရွာတွင်း ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအလိုက် လုပ်ငန်းများ လည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်း ရေးအတွက် သက်ဆိုင်ရာအဖွဲ့များကို အောက်ပါပုံစံများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်သွား မည်ဖြစ်ပါသည်။



CamScanner
CamScanner

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြီးကြပ် စစ်ဆေး သုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ -

(၁) စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊

(၂) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ပြီးမြောက်အောင်မြင်မှုများအားလေ့လာခြင်း အားဖြင့် ၎င်းတို့၏ အကျိုးရလဒ်များကို ရှင်းလင်းစွာ နားလည် သဘောပေါက်လာစေရန်၊

(၃) ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေး ဖြေရှင်းရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊

(၄) ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြုနေသောဖွံ့ဖြိုးရေးဗျူဟာကိုချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များရွေးချယ်ဆောင်ရွက်နိုင်ရန်၊

(၅) နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ လိုအပ်သော ဖွံ့ဖြိုးရေးအကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်၊

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့ခွဲ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲများသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်လာပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ



CamScanner
CamScanner

တင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊ပြုပြင်ပြောင်း လဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက် နှင့် နှိုင်းယှဉ်၍)၊(၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊ ငွေသားနှင့် ငွေသားမ ဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊ ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေး နှင့် အခြားသက် ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင် များ)၊ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။ နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။



CS CamScanner
CS CamScanner

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ပွဲတွင် အောက်ပါအချက်များအပေါ် အဓိကအလေးထား ဆောင်ရွက်ပါမည်။စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော လက်ငင်းရလဒ်များ နှင့် အကျိုးသက်ရောက်မှုများ၊ စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်မှု များအား အကဲဖြတ် သုံးသပ်ချက်များ၊

ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ နှင့် စိန်ခေါ်မှုများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့်ရမည့် မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှုအခြေအနေ၊ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မှုမှ ရရှိသောသင်ခန်းစာများ (အခြားရွာများနှင့် အခြားဒေသရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်) ဘတ်ဂျက် ရရှိမှုနှင့် လုံလောက်မှု အခြေအနေ၊ အကြံပြု သုံးသပ်ချက်များတို့ဖြစ်ပါသည်။ နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် သုံးသပ်ပွဲအစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက အနှစ်ချုပ်ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂-၃) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကို အဓိကထား ဖော်ပြပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့်အကြောင်းအရာနှင့် စိန်ခေါ်မှုများ၊ ပြုပြင်ဆောင်ရွက်ရမည့် အဆိုပြုအစီအစဉ် နှင့် နိုင်ငံတော် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီ စသည်တို့ ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။



CS CamScanner

CS CamScanner

## ၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### ၁.၁။ လူဦးရေ နှင့် လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) ယန်းဟုတ်ရွာ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအဖြင့်အရခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၁ | ၂ | ၃ | ၀.၆၄% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၇ | ၅ | ၁၂ | ၂.၅၅% | ၅ နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၁၀ | ၆ | ၁၆ | ၃.၄၁% | မူလတန်းကျောင်းနေအရွယ် |
| ၉နှစ်မှ ၁၄နှစ် | ၂၈ | ၁၄ | ၄၂ | ၈.၉၅% | အလယ်တန်းကျောင်းနေအရွယ် |
| ၁၄နှစ်မှ ၆၀နှစ် | ၁၈၄ | ၂၀၁ | ၃၈၅ | ၈၂.၀၈% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀နှစ်နှင့်အထက် | ၆ | ၅ | ၁၁ | ၂.၃၄% | သက်ကြီးရွယ်ကြီး |
| စုစုပေါင်း | ၂၃၆ | ၂၃၃ | ၄၆၉ | ၁၀၀% | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

**လေ့လာတွေ့ရှိချက်။** ။ ယန်းဟုတ်ရွာသည် ကတောင်ကျေးရွာအုပ်စုတွင်းရှိ ကျေးရွာတစ်ရွာဖြစ်ပြီး ကျိုင်းတုံမှ တောင်ဘက် ၇မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ လူဦးရေစုစုပေါင်း ၄၆၉ ဦးနှင့်အိမ်ထောင်စုပေါင်း ၇၅ စုရှိသောကြောင့် တစ်အိမ်ထောင်လျှင် ၆.၂၅ ဦးနှုန်းနေထိုင်ပါသည်။ စုစုပေါင်းတွင် အမျိုးသားဦးရေက ၃ ဦးသာပိုပြီး အလုပ်လုပ်နိုင်သောအသက်အရွယ်တွင်မူ အမျိုးသမီးဦးရေက ၁၇ ဦး ထိပိုမိုနေပါသည်။ ၉နှစ်မှ၁၄နှစ်အသက်အပိုင်းအခြားတွင် ကျားက ၁၄ ဦးပိုကာ ၅နှစ်မှ ၉ နှစ်တွင် ကျား က ၄ဦး၊ ၁နှစ်မှ၅နှစ်တွင် ကျား ၂ ဦးအသီးသီးပိုမိုပါသည်။ အသက် ၆၀ နှစ်နှင့်အထက်တွင်လည်း ကျား ၁ ဦးပိုပါသည်။ သို့သော် စုစုပေါင်းတွင် ကျား၊ မကွာခြားမှုများစွာမရှိပါချေ။ အမျိုးသမီးဦးဆောင်အိမ် ထောင်စု ×××× ရှိပါသည်။

### ၁.၂။ လုပ်သားအင်အား

ဇယား(၂) ယန်းဟုတ်ရွာလုပ်သား အင်အား နှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး) | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | ၄၈ | ၆၄ | | |
| | ဂန်ထမ်း၊နေ့စား၊အခစားလုပ်သား | ၁၆ | ၂၁.၃၃ | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၂ | မွေးမြူရေးလုပ်ငန်း | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | ငါးမွေး ၂ နွားအရောင်းအဝယ်၉(ယာပိုင်)+၁(အကူ) | |
| | ဂန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၃ | ငါးမွေးမြူရေးလုပ်ငန်း | | | | |



CamScanner
CamScanner

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်(အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း(လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၄ | သတ္တုတွင်းကျောက်တူးဖော်ခြင်း နှင့် သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲသောလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | သံပန်းသံတံခါး၁ | ၁.၃၃ | ဆန်စက်+စပါးအရောင်းအဝယ် ၄<br>ဆန်စက် ၂<br>သံပန်းသံတံခါး၁ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၆ | လျှပ်စစ်၊သဘာဝဓါတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၇ | ဆောက်လုပ်ရေး၊လက်သမားနှင့်ပန်းရံလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | ပန်းရံ+ရွှမ်းဖေါက်သူ ၁<br>ပန်းရံ+လက်သမား၉ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၈ | ယဉ်ကားစက်ပြင်နှင့်အိမ်တွင်း စက်ပစ္စည်းကိရိယာများပြုပြင်ခြင်းလုပ်ငန်း | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | ကားကြီးပြင်၁<br>ဝပ်ရှော့ ၁ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၉ | လက်လီလက်ကား (ကုန်စုံဆိုင်စသည်) ရောင်းဝယ်ရေးအမျိုးမျိုး | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၀ | ဝန်ဆောင်မှုလုပ်ငန်းများ (ဆံသ၊စက်ချုပ်၊အင်ဂျင်နီယာ၊သင်တန်း စသည်) | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |



CS CamScanner
CS CamScanner

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁၁ | ဟိုတယ်၊တည်းခိုခန်းနှင့်စားသောက်ဆိုင် | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၂ | ပို့ဆောင်ဆက်သွယ်ရေး နှင့် ကုန်စည်သိုလှောင်မှုလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၃ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ(ဘဏ်လုပ်ငန်းနှင့်ငွေတိုးချေးခြင်းအပါအဝင်ဘဏ္ဍာရေးလုပ်ငန်းများ) | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၄ | အိမ်၊ခြံ၊မြေရောင်းဝယ်ငှား နှင့်အလားတူလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ကာကွယ်ရေး၊လူမှုလုံခြုံရေးစသည် | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | အငြိမ်းစား ၁ | ၁.၃၃ | | စစ်သား |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၆ | ပညာရေး | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၇ | ကျန်းမာရေး | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၈ | လူမှုရေးလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၉ | အိမ်များတွင် အငှားလိုက်လုပ်သားများ နှင့် အမျိုးအမည်ခွဲခြား မရနိုင်သော ထုတ်လုပ်မှု လုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | ကျပမ်း ၉ | ၁၂ | ရွှေပြောင်း၁ | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၂၀ | ပြင်ပအဖွဲ့အစည်းများ | | | | |



CamScanner
CamScanner

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင် ( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ်ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| | စီးပွားရေးလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်နေသူအိမ်ထောင်စု စုစုပေါင်း | ၇၅ | | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ ယန်းဟုတ်ရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တောင် သူယာပိုင်အိမ်ထောင်စုမှာ ၆၄% ထိရှိပြီး ၂၁.၃၃%မှာ တောင်သူအငှားများဖြစ်ကြသဖြင့် တစ်ရွာလုံးအ နေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် တစ်ရွာလုံးစုစုပေါင်း၏ ၈၅% ကျော် ဖြစ်ပါသည်။ ကျပမ်းမှာ ၁၂% ဖြစ် သောကြောင့် ကျန်လုပ်ငန်းစုကိုယ်စားပြုရာနှုန်းမှာ ၃% သာဖြစ်ကာ ယင်းအစုတွင် သံပန်းသံတံခါးလုပ် ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်သူအိမ်ထောင်စု ၁ စုနှင့် အငြိမ်းစား(စစ်သား) ၁ စုသာရှိပါသည်။ သို့သော် အသက်မွေးဝမ်းကြောင်းလုပ်ငန်း အခွင့်အရေးမှာမူ ကတောင်ရွာကြီးနှင့်လမ်းမတစ်ခုခြားပြီးကပ် လျက်ရှိနေပြီး ကတောင်ရွာဈေးမှာ ပါတ်ပါတ်လည်ရွာများအတွင်းတွင် အကြီးဆုံးဈေးဖြစ်ကာ သံပန်းသံ တံခါးလုပ်ငန်းများအတွက် အလားအလာကောင်းသကဲ့သို့ ဆန်စက်လုပ်ငန်းနှင့် စပါးအရောင်းအဝယ် လုပ်ငန်းတို့မှာလည်း ကတောင်ဈေးကိုအမှီပြုကာ ယန်းဟုတ်ရွာအတွက် အသက်မွေးဝမ်းကြောင်းအခွင့် အလမ်းများ လက်လှမ်းမီရရှိနိုင်ပါသည်။ ထူးခြားချက်မှာ ရွှေ့ပြောင်းလုပ်သားများဖြစ်ပါသည်။ အမှန်စာရင်းမရသော်လည်း အိမ်တိုင်းလိုလို ထိုင်းနိုင်ငံနှင့်တာချီလိတ်မြို့နယ်စပ်များတွင် ရာသီအလိုက်ရွှေ့ပြောင်းကိုင်လေ့ရှိကြသည်ဟု ဆွေးနွေးကြပါသည်။ သို့သော် ရာသီအလိုက်နှင့်လုပ်အားလိုအပ်မှုအပေါ် မူတည်ပြီး သွားရောက်ကြသောကြောင့် စာရင်းကောက်ယူရန်အခက်အခဲဖြစ်ပါသည်။

## ၃။ စိုက်ပျိုးနိုင်သော မြေဧရိယာ

### ၁.၃.၁။ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

**ဇယား( ၃) ယန်းဟုတ်ရွာ စိုက်ပျိုးမြေဧရိယာ နှင့် စိုက်ပျိုးရေရရှိမှုအခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (ကောင်း၊သင့်၊ညံ့) | ဆည်ရေရရှိမှု | ရေအရင်းအမြစ်(ရရှိသည့်နေရာ/ရေပေးနိုင်သည့် ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၀၀ | သင့် | မရှိ | ဖိုက်တို့နှင့်ဖိုက်စံချောင်းများမှ ဧကအားလုံးရရှိပြီး မိုးတွင်းသာလုံနေ့တွင် တစ် ဂက်သာစိုက်ပျိုးနိုင် |
| ယာမြေ | ၁၂ | သင့် | မရှိ | မိုးကောင်းသောက် |
| အခြား | | | | |
| စုစုပေါင်း | ၂၁၂ | | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၈-၉ စက်တင်ဘာ၂၀၁၅)



CamScanner

CamScanner

**လေ့လာတွေ့ရှိချက်** ။ ။ လယ်မြေအားလုံးနီပါး၏ ထွက်နှုန်းမှာအသင့်အတင့်ကောင်းမွန်မှုရှိကာ ယာပိုင် အိမ်ထောင်စုဖြင့်အချိုးချပါက တစ်အိမ်ထောင်လျှင် ၄.၄၂ ဧကနှုန်းစီပိုင်ဆိုင် ထားခြင်းကြောင့် သာမန်အားဖြင့်ကျေးရွာ၏ စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးများအခြေအနေ ကောင်းမွန်သည်ဟုဆို နိုင်ပါသည်။ ကျန် ၂၁ % ကျော်မှာလည်း လယ်ယာကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်ကြသူများဖြစ်ပါသည်။ စိုက်ပျိုးရေအနေဖြင့် ဖိုင်တွဲနှင့်ဖိုက်စံရေချောင်းများမှ လက်ရှိအချိန်ထိ မိုးရာသီတွင် ရေလုံလောက်စွာရရှိ ပြီး နွေကာလတစ်ဝက်အထိ စိုက်ပျိုးနိုင်သောကြောင့် ၂ ရာသီစိုက်ပျိုးသည်ဟု ဆိုနိုင်ပါသည်။

**၁.၃.၂။ ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

**ဇယား(၄) ယန်းဟုတ်ရွာ ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု<br>(များ၊သင့်၊နည်း၊မရှိ) | လက်လှမ်းမှီနိုင်မှု<br>(လွယ်၊ခက်၊လက်လမ်းမမှီ) |
|---|---|---|
| ကာဗွန် (ခါတ်ငွေ့/ရေနံ) | မရှိ | |
| ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်မီးသွေး ၊သဲ) | သဲနှင့်ကျောက်စရစ်ခဲရရှိနိုင်မှု များ | လွယ်(ဖိုက်တွဲနှင့်ဖိုက်စံချောင်း) |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | ကျွဲ၊နွားများမှလွဲ၍မရှိ | |
| အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်) | လယ်ကန်သင်းများမှမြက် နှင့် ကောက်ရိုးသာရှိ | လွယ် |

ရည်ညွှန်း:- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှလွဲလျှင် ယန်းဟုတ်ရွာပိုင်အနေဖြင့် သဘာဝရင်းမြစ်ပိုင်ဆိုင်မှုနည်းပါးပါသည်။

**၁.၄။ ဥစ္စာဓနအဆင့်အတန်း**

**ဇယား (၅) ယန်းဟုတ်ရွာ ဥစ္စာဓနအဆင့်အတန်း**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း<br>အဆင်ပြေ သော အိမ် ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သောအိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု (လယ်/ယာ) | ၄-၅ ဧက | ၂-၃-၃ဧက | ၁-၂ဧက | မရှိ |
| အိမ်အခြေအနေ | နှစ်ထပ်တိုက်၊အုတ်ကြွပ်မိုး၊ကြွပြား ကပ်တမံသလင်းခင်း၊အုတ်ရောကာ | တစ်ထပ်တိုက်၊ အုတ်ကြွပ်မိုး၊အုတ်ရောကာ၊တမံသလင်းခင်း၊အချို့ ပျဉ်ကာ၊ပျဉ်ခင်း၊ အုတ်ကြွပ်မိုး | ပျဉ်ကာ၊ပျဉ်ခင်း၊သွပ်မိုး၊ | ထရံကာ၊သွပ်မိုး၊ သက်ကယ်မိုး၊ဝါးခင် |
| ယဉ်၊ကားပိုင်ဆိုင်မှု | ထော်လာဂျီသေး၊သုံးဘီးဆိုင်ကယ်၊ မှန်လုံမီနီဘတ်စ်၊ ဆိုင်ကယ်၊ | ထော်လာဂျီသေး၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ် | ထော်လာဂျီ‌ေသးဆိုင်ကယ် | ဆိုင်ကယ် |



CamScanner

CamScanner

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
| --- | --- | --- | --- | --- |
| | အဆင်ပြေ သော အိမ် ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သောအိမ်ထောင်စု |
| လုပ်ငန်းသုံးကိရိ ယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် ကြီး၊ ဆန်ကြိတ် စက် (တင်း၄၀-၅၀ကျ) သေး၊စပါး ရိတ်စက်၊ | လက်တွန်းထွန်စက် ၊စပါးရိတ်စက်၊ | လက်တွန်း ထွန် စက် | ဓား၊ ပေါက်ပြား ၊တံစဉ် |
| မွေးမြူရေး ကုန်ထုတ်လုပ်မှုနှ င့်မဆိုင်သော ပိုင်ဆိုင်မှု | ဝက်၊ကြက် ဆွဲကြိုး၊နွားတောင်း၊ လက်စွပ်၊ပုဂ္ဂလိကရေ အား လျှပ်စစ်၊ | ကျွဲ၊နွား၊ဝက်၊ ကြက် ဆွဲကြိုး၊နွားတောင်း အချို့ရှိ၊ ပုဂ္ဂလိက ရေ အားလျှပ်စစ်၊ | ဝက်၊ကြက် ပုဂ္ဂလိကရေ အား လျှပ်စစ်၊ | ဝက်၊ကြက် ဆိုလာ၊ပုဂ္ဂလိကရေ အား လျှပ်စစ်၊ |
| စိမ်ခံပစ္စည်း | တီဗီကြီး၊စလောင်း ရေခဲသေတ္တာ၊ပန် ကာ၊ | တီဗီကြီး၊စလောင်း၊ ရေခဲသေတ္တာ၊ ပန်ကာ | စလောင်း၊တီဗီ | တီဗီ |
| အဓိကစီးပွားရေး လုပ်ငန်းနှင့်တစ် နှစ်ဝင်ငွေ | ဝမ်းစာစပါး+သိန်း ၂၀ | ဝမ်းစာစပါး+ ၁၅သိန်း | ဝမ်းစာစပါး+ ၅ သိန်း | ၇သိန်း |
| ခန့်မှန်းအိမ် ထောင်စု | ၁၀ | ၂၅ | ၂၀ | ၂၀ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

**၁.၅။ ထိခိုက်လွယ်မှု**

**၁.၅.၁။ ထိခိုက်လွယ်သော လူပုဂ္ဂိုလ်အစု**

**ဇယား (၆) ယန်းဟုတ်ရွာ ထိခိုက်လွယ်လူပုဂ္ဂိုလ်အစု**

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
| --- | --- | --- | --- | --- |
| သက်ကြီးရွယ်အို(အသက်၆၀နှစ်နှင့်အ ထက်) | မိသားစုစောင့်ရှောက်မှုမရှိ | | | |
| မသန်စွမ်းသည့်ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက် မှုမရှိ | | | |
| အမျိုးသမီးဦးဆောင်အိမ်ထောင်စု မုဆိုးဖို/တစ်ခုလပ် ဆင်းရဲသည့်အိမ်ထောင်စု | ဆင်းရဲ၍မိသားစုများ ဆင်းရဲ၍မိသားစုများ အခြားဒေသသို့ကြာမြင့်စွာသွား ရောက်နေထိုင်လုပ်ကိုင်ရသူ | အိမ်ထောင်စုအရေအတွက် ၂/၄ စု(၁ဦးလယ်ာကရှိ) | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

**၁.၅.၂။ ဝမ်းစာဖူလုံမှု၊ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်အခြေအနေ**

**၁.၅.၂.၁။ ဝမ်းစာဖူလုံမှု**

**ဇယား (၇) ယန်းဟုတ်ရွာ ဝမ်းစာဖူလုံမှုအခြေအနေ**

ချေးငှားခြင်းမပြုပဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်သည့်မိသားစု ၅၃စု

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
| --- | --- | --- | --- |
| ၃လအောက် | ၁၄ | ၁၈.၆% | ငွေတိုးချေးသူထံမှငွေယူ |
| ၃လနှင့်၅လအထိ | ၈ | ၁၀% | ငွေတိုးချေးသူထံမှငွေယူ |
| ၆လမှ၁၂လအထိ | ၅၃ | ၇၁% | |



CamScanner
CamScanner

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၈-၉ ဇက်တင်ဘာ ၂၀၁၅)

**လေ့လာတွေ့ရှိချက်။** ။အိမ်ထောင်စုပေါင်း၏ ၁၈.၇ % သည် ၃လအောက်ကာလအတွင်း စားနပ်ရိက္ခာဖူလုံမှုတွင်ရုန်းကန်ရပြီး သာမန်အားဖြင့် ငွေတိုးချေးသူထံမှသာ ငွေချေးဖြေရှင်းလေ့ရှိပါသည်။ ယန်းဟုတ်ရွာသည် ဂုံရှမ်းဘာသာစကားပြော ရှမ်းလူမျိုးများအများစုနေထိုင်ကြပြီး လူမှုစီးပွားအခက်အခဲများကို စုပေါင်းဖြေရှင်းသော အလေ့အထကောင်းရှိကြပါသည်။ သို့သော် ကျေးရွာပြင်ပနှင့်ပူးပေါင်းလုပ် ဆောင်မှုများ အထူးသဖြင့် ပြည်သူ့ဝန်ဆောင်မှုပေးသော (အစိုးရ)ဌာနများဖြင့်ပေါင်းစပ်ရာတွင် ဘာသာ စကားအခက်အခဲကြောင့် တုံ့နှေးမှုအနည်းငယ်ရှိပါသည်။ ယင်းကိုဖြေရှင်းရန် ဗမာစကားတတ်ကျွမ်းသူ အနည်းငယ်ကိုသာ အမြဲအားကိုးနေရခြင်းသည် ကျေးရွာ၏ဆုံးဖြတ်ချက်များချမှတ်ရာတွင် အနည်းငယ် လွှမ်းမိုးမှုရှိတတ်သည်ကိုတွေ့ရပါသည်။ အိမ်ထောင်စု၏ ၇၁%မှာ စားနပ်ရိက္ခာဖူလုံမှုအတွက် အနည်းဆုံး ၁၂လတာကာလအတွင်း ချေးငှားရန်မလိုအပ်သူများအဖြစ် ယူဆနိုင်သောကြောင့် ယန်းဟုတ်ရွာ စားနပ်ရိက္ခာဖူလုံမှုအခြေအနေမှာ ကိုယ်တိုင်လုံလောက်သောအခြေအနေတွင်ရှိပြီး အရေးပေါ်အခြေ အနေတွင် ဖြေရှင်းနိုင်မှုအနည်းငယ်မြင့်မားသည်ဟုဆိုနိုင်ပါသည်။

**၁.၅.၃ ကျေးရွာလူထုတို့၏ထိခိုက်လွယ်အခြေအနေ**

**ဇယား ၈။ ။ ယန်းဟုတ်ရွာ ထိခိုက်လွယ်အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | နိမ့်၊လတ်၊မြင့် | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | အလွန်ဆင်းရဲအစုများ၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးပြီး အလုပ်အကိုင်မပြတ်လတ်/ -၁၉၉၀ခုနှစ်က တရွာလုံး လယ် စပါးပိုးကျခြင်းကြောင့် သစ်ဥသစ်ဖုများ သာစား ခဲ့ရပြီး ပြင်ပမှဆန်ကြမ်းဝယ်စားခဲ့ရသည်။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ စသည်) | နိမ့် | မြေယာထပ်မံချဲ့ထွင်မရနိုင် သော်လည်းကောနှင့်ထွက်နှုန်း အလုပ်အကိုင် မျှတမှုရှိ၊ဖိုက်တွိနှင့် ဖိုက်စ်ချောင်း များမှ ရေရရှိမှုလုံလောက် |
| ၃ | ရေကြီးခြင်း | နိမ့် | ၂၀၀၃တွင်လယ်ဧကတစ်ဝက်ကျော်ပျက်စီးအစိုးရက တစ် အိမ် ၃ သောင်း ထောက်ပံ့ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးဦးနှောက်ကျခြင်းနှင့် မိုးရေရရှိမှုနည်းပါး။ |
| ၅ | မုန်တိုင်း | နိမ့် | ကြုံတွေ့ရခြင်းမရှိ |
|  | မိုးသီးကျခြင်း | လတ် | ဆင်းရဲနွမ်းပါးအိမ်များ၊ ၂၀၁၂ အိမ်တိုင်းခေါင်မိုးပေါက်၊သံပယာများက၂သိန်းခွဲ လှူ၊အစိုးရ ကသိန်း |
| ၆ | ငလျင် | နိမ့် | ကြုံတွေ့ရခြင်းမရှိ |
| ၇ | မီးဘေး | နိမ့် | ၂၀၁၂တစ်အိမ်မီးလောင်ဖူး၊မီးကျိုပ်မီးကပ်အိမ်တိုင်းရှိ |
| ၈ | ဆားငံရေဝင်မြေ |  |  |
| ၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်ခြင်း | နိမ့် | ဓါတ်မြေသြဇာသုံးစွဲမှု နိမ့် |
| ၁၀ | သစ်တောပြုန်း တီးခြင်း | နိမ့် | မူလကတည်းကသစ် တောနီးစပ်ခြင်းမရှိ |
| ၁၁ | ငှက်ဖျားရောဂါ | လတ် | လွန်ခဲ့သောနှစ်၂၀က ရွာတစ်ဝက်ခန့်ဖြစ်ပွား၊ ကျိုင်းတုံ ဆေးရုံမသွား နိုင်သောကြောင့် သေဆုံးမှုများရှိခဲ့ဖူး |
| ၁၂ | တီဘီရောဂါ | နိမ့် |  |



CamScanner

CamScanner

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | နိမ့်၊လတ်၊ မြင့် | မှတ်ချက် |
|---|---|---|---|
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | သေဆုံးသူ၏မိသားစုများ လွှန်ခဲ့သော ၁ဝနှစ်ခန့်က ဦး ၂ဝခန့်သေဆုံးခဲ့ဖူး။ ယခု မရှိတော့။ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းရသူ များ (IDP) | နိမ့် | ရွှေ့ပြောင်းခံရသူမရှိ |
| ၁၅ | လူကုန်ကူးခံရခြင်း | နိမ့် | တရားဝင်သာ ယိုးဒယား သို့သွားရောက်လုပ်ကိုင် |
| ၁၆ | ဝေးလံသီခေါင်၊လမ်းပန်းခက်ခဲ | နိမ့် | ကျိုင်းတုံနှင့် ဂုမိုင်သာဝေး ပြီးလမ်းပန်းဆက်သွယ်ရေးကောင်းမွန် |
| ၁၇ | အခြား | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

### ၁.၅.၃။ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း

ဇယား (၉) ယန်းဟုတ်ရွာ ထိခိုက်လွယ်သူများအခြေအနေ

| စဉ် | အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ်- | ပညာရေးတွင်အထက်တန်း အောင်ချက်နိမ့် (ဘာသာစကားခက်ခဲ-ဂုံရှမ်း ဘာသာစ ကားသာ အသုံးများ) |
| ၂ | အမျိုးသမီးဦးဆောင်ဆင်းရဲအိမ်ထောင်စု | မြင့်- | သူတပါးအပေါ်မှီခိုနေရ-၂ဦး |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | လတ်- | မြေငှားလုပ်နိုင်ပြီးအလုပ်မပြတ် သော်လည်း ရပ်တည်နိုင်ရုံသာ ရှိပြီးသားသမီး ပညာရေးမတတ်နိုင် |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျ ရောက်နိုင် သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူ ပြောသောဒေသ | | |
| ၅ | မြစ်ကမ်းဘေးနေလူထု | | |
| ၆ | မတော်တဆဖြစ်နိုင်ခြေများသောနေရာ (prone to accident) | နိမ့်- | ကားလမ်းမပေါ်တွင်ရှိ၍ ယဉ်အန္တရာယ် ထိခိုက်လွယ်မှုရှိ |
| ၇ | (IDP) ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ | မရှိ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မရှိ | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ငါးမွေးသူဦးရေ၃ဦးသာရှိ၊လယ်ပိုင် |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်း | | |
| ၁၁ | လူနည်းစုလူမျိုးများ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | | |
| ၁၃ | နယ်စပ်ဒေသ | | |
| ၁၄ | ရှေတွင်းလုပ်သားများ | | |
| ၁၅ | ဆေးစွဲသူများ | လတ်- | အရေးယူမှုများကြောင့်ရောင်းဝယ်မရှိတော့။ ဆေးစွဲသူများသုံးစွဲမှုအခြေအနေကို မသိရ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့်- | ရောက်ရှိနေရာများတွင် အန္တရာယ်ဖြစ်နိုင် သောအပြုအမူရှိနိုင် |



CamScanner
CamScanner

| စဉ် | အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | လှည့်လည်သွားလာဈေးရောင်းသူများ | | |
| ၁၉ | ကားသမား | | |
| ၂၀ | အခြား | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

## ၂။ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### ၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### ၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ယန်းဟုတ်ရွာ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျ | မ | ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅/၆) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၂ | ၆ | | ၆ | ကျေးရွာကိုယ်စား စီမံခန့်ခွဲပြီးအုပ်စုအုပ် ချုပ်ရေးမှူးကို တာဝန်ခံရ | ၅ | ၈ |
| ၂ | ကျောင်းအကျိုး တော်ဆောင် | ၂ | ၁ | | ၁ | ကတ်တောင်ကျောင်းတွင်ပေါင်းပြီးဖွဲ့ ထားခြင်းကြောင့် ရွာခံအနေ ဖြင့်တစ်ဦးသာထည့်ထား။ အစည်းအဝေးရှိလျှင် တတ်ရ။လိုအပ်လျှင် ရွာကိုဆက်သွယ်ပေး | ၅ | ၈ |
| ၃ | လူငယ်အမျိုးသမီး အဖွဲ့ | ၂ | | ၆၀ | ၆၀ | သာရေးနာရေးလုပ်ကူ၊ ကလေးများကို စာသင်ကူ၊မွေးစကြာ ရွတ်၊ (ပုံမှန်တွေ့ဆုံမှု မရှိ) | ၄ | ၆ |
| ၄ | လူငယ်အမျိုးသား အဖွဲ့ | ၂ | ၆၀ | | ၆၀ | သာရေးနာရေးလုပ်ကူ၊ ကလေးများကိုစာသင် | ၄ | ၆ |
| ၅ | မွေးစကြာအဖွဲ့ | ၃ | | ၃၀ | ၃၀ | အခါကြီး၊ရက်ကြီး များတွင်နံနက်ပိုင်း မွေးစကြာ ရွတ် | ၄ | ၆ |
| ၆ | မိခင်နှင့်ကလေး | ၂ | | ၄ | ၄ | ဧည့်ခံ | ၅ | ၈ |
| ၇ | အမျိုးသမီးရေးရာ | ၂ | | ၄ | ၄ | ဧည့်ခံ | ၅ | ၈ |
| ၈ | ပြည်သူ့စစ် | ၂ | ၅ | | ၅ | ပွဲလမ်းသဘင်ရှိလျှင် လုံခြုံရေးတာဝန်ယူ | ၅ | ၇ |



CamScanner
CamScanner

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျ | မ | ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅/၆) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၉ | ဂေါပကအဖွဲ့ | ၃ | ၂ | | ၂ | ဘုန်းကြီးကျောင်း၊ရွာသာသနာရေးကိစ္စများတာဝန်ယူပေး | ၄ | ၆ |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၈-၉ စက်တင်ဘာ၂၀၁၅)

၂.၁.၂။ ဖွံ့ဖြိုးရေးအထောက်အပံ့အတွက် ပြင်ပအဖွဲ့အစည်းများ၏အခြေအနေ

ဇယား (၁၁) ယန်းဟုတ်ရွာ ဖွံ့ဖြိုးရေးအထောက်အပံ့အတွက် ပြင်ပအဖွဲ့အစည်းများ၏အခြေအနေ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/ ၄/၅/၆/၇/) | လုပ်ငန်းတာဝန်နှင့်အစီအစဉ် |
|---|---|---|---|
| ၁ | ကတ်တောင်ကျောင်းအကျိုးတော်ဆောင် | ၃ | |
| ၂ | ကတ်တောင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ | ၃ | ကတ်တောင်မှာလူကြီးလာလျှင် ယန်းဟုတ်မှသွားပေးရ |
| ၃ | ကတ်တောင်ပြည်သူ့စစ် | | ပွဲလမ်းလုံခြုံရေးရှိလျှင်တာဝန်ယူ ပေး |
| ၄ | ကျိုင်းတုံဂုံရှမ်းဘုန်းကြီးကျောင်း | ၁ | ဂေါပကအဖွဲ့နှင့်ချိတ်ဆက်ပြီး လူငယ်များကို ဂုံရှမ်းဘာသာ ဖြင့်တရားဓမ္မသင်ကြားပေး။ |
| ၅ | ကတ်တောင်အုပ်ချုပ်ရေးမှူး | | အုပ်ချုပ်ရေးကိစ္စများတွင် သူကြီးမှတစ်ဆင့်ချိတ်ဆက် |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပါတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်စုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂ၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ-UK Aid, GIZ စသည်)

(၆) ပရဟိတအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ယန်းဟုတ်ရွာ၏ ရပ်ရွာအခြေပြုအဖွဲ့အစည်းများသည် အားကောင်းပြီး ရပ်ရွာဖွံ့ဖြိုးမှုကို ဝိုင်းဝန်းလုပ်ကိုင်လေ့ရှိပါသည်။ သို့သော် ဘာသာစကားအခက်အခဲကြောင့် ဝန်ဆောင်မှုပေးသော ဌာနများနှင့်အဖွဲ့အစည်းများ ရွာအတွင်းသို့လာရောက်သောအခါ ပူးပေါင်းပါဝင်ရန်ခက်ခဲမှုရှိပါသည်။ ထိုပြင်ရွာအနေဖြင့် ယခုအခါ ပြင်ပအဖွဲ့အစည်းများဖြင့် ချိတ်ဆက်မှုတွင် တွန့်ဆုတ်လေ့ရှိခြင်း ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုပူးပေါင်းချိတ် ဆက်ရန်လိုအပ်ပါသည်။



CamScanner

CamScanner

### ၂.၃။ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

### ၂.၃.၁။ စိုက်ပျိုးရေးသီးနှံ

### ၂.၃.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား (၁၂) ယန်းဟုတ်ရွာ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေယာပိုင်ဆိုင်မှု | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စုရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂.၅ဧကအောက်(၁ဟတ်တာထိ) | ၄၆ | ၆၁.၃၃% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကမှ၅ဧကထိ(၂ဟတ်တာထိ) | ၁၀ | ၁၃.၃၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၅ဧကမှ၁၂.၅ဧက ကြား (၅ဟတ်တာထိ) | ၂ | ၂.၆၆% | အလယ်အလတ်စားတောင်သူ |
| ၄ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်) | | | တောင်သူကြီး |
| | အိမ်ထောင်စုစုပေါင်း | ၅၈ | ၇၇.၃၂% | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၈-၉ စက်တင်ဘာ ၂၀၁၅)

